# အစ္စလာမ့် မဏ္ဍိုင်ကြီးငါးရပ်



အီမာန်

နမာဇ်

ဆွောင်မ်

ဇကားသ်

ဟဂ်ျ

စီစဉ်သူ

မော်လာနာ ဟာဖိဇ် အဗ်ဒွလ်ကာဒိရ်

# အစ္စလာမ့်
# မဏ္ဍိုင်ကြီး ငါးရပ်



အီမာန်

နမားဇ်

ဆောင်မ်

ဇကားသ်

ဟဂ်ျ

စီစဉ်သူ
မော်လာနာ ဟာဖိဇ် အဗ်ဒွလ်ကာဒိရ်

အစ္စလာမ့်မဏ္ဍိုင်ကြီးငါးရပ်

# အီမာန်

# နမားဇ်

# ဆွောင်မ်

# ဇကားသ်

# ဟဂျ်

စီစဉ်သူ

မော်လာနာ ဟာဖိဇ် အဗ်ဒွလ်ကာဒိရ်

(၁)

# احكام الايمان

# သောင်ဟီးဒ်

အစ္စလာမ်သာသနာတော်၏ အခြေခံမဏ္ဍိုင်မှာ သောင်ဝ်ဟီးဒ်တစ်ဆူတစ်ပါးတည်းကိုသာ ဝန်ခံခြင်းဖြစ်သည်။ သောင်ဝ်ဟီးဒ်အပေါ် သက်ဝင်ယုံကြည်သည်နှင့် တစ်ပြိုင် နက် ဒုစရိုက်များပလပ်သွားသည်။ သောင်ဝ်ဟီးဒ် ယုံကြည်ချက်ကို လက်ခံနာယူသေဆုံးသူသည် ဂျန္နသ်သို့ဝင်ခွင့်ရမည်။ တစိတ် တလက်ဖြင့် သောင်ဝ်ဟီးဒ်ကို သက်သေထွက်ဆိုလျှင် ဂျဟန္နမ် ဟာရာမ်ဖြစ်သွားသည်။ သောင်ဝ်ဟီးဒ်ကို လက်ခံသူအား တမန် တော်မြတ်က ရှဖာအသ်ပြု အသနားခံတော်မူမည်။

**ရှင်းလင်းချက်**

သောင်ဝ်ဟီးဒ်လက်ခံထားသူသည် အကုသိုလ် ကြောင့် ဂျဟန္နမ်ကျ၍ အပြစ်ခံရသော်လည်း တစ်နေ့မဟုတ် တစ်နေ့ မုချဂျန္နသ်သို့ ရောက်ရှိမည်။ သောင်ဝ်ဟီးဒ်ကို လက်

မခံလျှင် ဂျဟန္နမ်ငရဲလားမည်။ ကြီးလေးသော အပြစ်များ
အနက် အကြီးမားဆုံးပြစ်မှုမှာ ရှိရ်က်ဖြစ်သည်။ အတိဒုက္ခ
ရောက်ရဆုံးဂုနာဟ်မှာ ရှိရ်က်ဖြစ်သည်။ ရှိရ်က်သည် ဇွလ်မ်
အကြီးမားဆုံးမတရားမှုဖြစ်သည်။ အကျိုးပြုမည်မဟုတ်။
အခြားသူ၏ ကောင်းကျိုးလည်း ၎င်းထံရောက်မည်မဟုတ်။
ဒုအာကိုလည်း ကဗူလ်ပြုမည်မဟုတ်။ မွတ်ရှိရစ်က်အား မည်
သည့်ကောင်းကျိုးမျှ ချီးမြှင့်မည်မဟုတ်။ လူသားအဖို့ ရောမ
ဆုံးရှုံးစေသော ဂုနာဟ်သည် ရှိရ်က်ဖြစ်သည်။ ကမ္ဘာ့ရတနာ
အလုံးစုံကို အလျော်အစားပေး၍ ဂျဟန္နမ်မှ လွတ်ထွက်ရန်
ကြိုးစားလျှင်လည်း လွတ်မြောက်မည်မဟုတ်။ သောင်ဝ်ဟီးဒ်
ကို ငြင်းပယ်သူသည် နဗီ၏ဆွေရင်း၊ မျိုးရင်းဖြစ်လင့်ကစား၊
အဇာဗ်မှ၎င်းအား ကာကွယ်နိုင်မည်မဟုတ်။ အို မအာဇ် ရှိရ်က်
လက်ခံမည့်အစား အသတ်ခံရသည်ဖြစ်စေ၊ မီးလောက်တိုက်
အသွင်းခံရသည်ဖြစ်စေ၊ အသက်စွန့်လိုက်ပါဟု တမန်တော်
(ﷺ) က ဆုံးမတော်မူသည်။

သောင်ဝ်ဟီးဒ်ဆိုသည်မှာ တစ်ဆူတစ်ပါးတည်း တည်ရှိတော်မူကြောင်းကို စိတ်တွင်းမှ သက်ဝင်ယုံကြည်၍ နှုတ်ဖြင့်ဝန်ခံပြောဆိုခြင်းကိုခေါ်သည်။ သောင်ဝ်ဟီးဒ်တွင် ယုံကြည်ချက် ၃-မျိုးပါဝင်သည်။

၁။ ဇားသ်တော်အရ ပင်ကိုယ်အနေဖြင့် တစ်ဆူတည်း တည်ရှိတော်မူခြင်း။

၂။ ဆွေဖားသ်တော်အရ ဂုဏ်တော်များသည် ထိုတစ်ဆူတစ်ပါးတည်း၌သာရှိခြင်း။

၃။ အေဗာဒသ်ကိုးကွယ်ရန် အနေဖြင့်လည်း ထိုတစ်ပါးတည်းသော အရှင်မြတ်သာ ခံထိုက်တော်မူခြင်း။

(၁) "*ဇားသ်တော်အရ*"အရှင်မြတ်သည် နှိုင်းယှဉ်မဲ့ တစ်ဆူတည်းဖြစ်သည်။ မိဘမရှိ၊ သားသမီးမရှိ။ မည်သည့် သက်ရှိ/သက်မဲ့တွင်မှ ရောယှက်ခြင်းမရှိ။ ယိုယွင်းပျက်စီးမှု တိုင်းမှ ကင်းစင်တော်မူ၏။ ရွေ့လျားပပျောက်မှုမဖြစ် တည်တံ့ နေတော်မူ၏။ အစဉ်အမြဲတည်ရှိလာ၍ အစဉ်ထာဝရ ဆက်

လက်တည်ရှိတော်မူမည်။ ထိုအရှင်၏ အစဟူ၍လည်းမရှိ။ အဆုံးဟူ၍လည်းမရှိ၊ ထိုအရှင်သည် အလိုလျောက်ပင် တည်ရှိနေတော်မူသည်။ အရှင်မြတ်သည် အကွယ်တွင်ရှိသော်လည်း ထိုအရှင်မြတ်၏ ကွဒ်ရသ် စွမ်းဆောင်မှုသည် အရာရာတိုင်း အပေါ် ထင်ရှားလျက်ရှိသည်။

(၂) "*ဆွေဖားသ်တော်အရ*" သောင်ဝ်ဟီးဒ်ဆိုသည်မှာ အရာရာတိုင်း၏ စိုးပိုင်ရှင်အစစ်အမှန်သည် အလ္လာဟ်သာ၊ အခွင့်အာဏာအလုံးစုံသည် အရှင်မြတ်လက်ဝယ်တွင်သာ၊ ကမ္ဘာကိုစီမံနေသူမှာ အလ္လာဟ်သာ၊ မိုးမြေ၏ ဘဏ္ဍာတို့ကိုပိုင်ဆိုင်သူမှာ အလ္လာဟ်သာ၊ မိမိအလိုတော်ကို ဆောင်ရွက်ဖြည့်ဆည်းရန် တစ်ပါးသူထံမှ ခွင့်ပန်ရန်မှီခိုရန်မလို၊ ဟလာလ်၊ ဟရာမ်၊ ပိုင်/မပိုင် သတ်မှတ်ချက်ကို အလ္လာဟ်သာစီရင်တော်မူသည်။ ကိယာမသ်နေ့၌ ခွင့်လွှတ်ခြင်း၊ အရေးယူခြင်းဟူသော အခွင့်အရေးကို ပိုင်ဆိုင်သူမှာ အလ္လာဟ်၊ မိမိအလိုတော်ကို အဆုံးတိုင်ဖြည့်ဆည်းရန် အခွင့်အရေးသည် အရှင့်လက်ဝယ်၌သာရှိသည်။ နေရာတိုင်းမှဒုအာကို အချိန်မရွေး

ကြားတော်မူသောအရှင်၊ စိတ်နှလုံးအတွင်း ထိန်ဝှက်ကိန်းဝပ်ထားသည်များကို သိတော်မူသောအရှင်၊ ဒီးန်ဒွန္နယာ နှစ်ဌာနလုံး၏ ကောင်းကျိုးအဝဝသည် အရှင့်လက်ဝယ်သာရှိသည်။ ချီးမြှင့်လိုသူအား ချီးမြှင့်၍ အလိုတော်ရှိပါက ပြန်လည်ရုပ်သိမ်းတော်မူသည်။ စိတ်နှလုံးသားများကို လှည့်ပြောင်းတော်မူသောအရှင်လည်း အလ္လာဟ်ဖြစ်သည်။ ရိုဇီရိက္ခာများပေးခြင်း၊ မပေးခြင်း၊ ရိုဇီကိုချောင်လည်စေခြင်း၊ ကျပ်တည်းစေခြင်းကိုလည်း အရှင်မြတ်ကသာ ဆောင်ရွက်တော်မူသည်။ သားသမီးပေးခြင်း၊ မပေးခြင်း၊ သားသက်သက်၊ သမီးသက်သက်ပေးခြင်းကိုလည်း အလ္လာဟ်သာပိုင်သည်။ ကျန်းမာရေးနှင့် ရောဂါဝေဒနာကို အလ္လာဟ်သာပေးသည်။ ဟေဒါယသ်လမ်းမှန်တရားသည် အရှင်မြတ်လက်ဝယ်ရှိသည်။ အမြတ်၊ အရှုံးလည်းအရှင့်လက်ဝယ်သာရှိသည်။ သပ်က်ဒီးရ်ကို ပိုင်ဆိုင်သူမှာလည်း အလ္လာဟ်၊ ရှင်ခြင်း၊ သေခြင်းသည်လည်း အရှင့်လက်ဝယ်တွင်သာ၊ ကောင်းမှုဆောင်နိုင်၊ မကောင်းမှုရှောင်နိုင်သည့် သောင်ဖ်ဖီးက်ကိုလည်း အလ္လာဟ်

ပေးမှုရ၏။

(၃) "အေဟာဒသ်ဆိုင်ရာ" သောင်ဝ်ဟီးဒ်ဆိုသည်ကား ခဝပ်မှုအလုံးစုံသည် ကိုယ်၊ နှုတ်နှင့် ပစ္စည်းဥစ္စာအားဖြင့် ကိုးကွယ်သမျှ အလ္လာဟ်နှင့်သာထိုက်သည်။ နမာဇ်ကဲ့သို့ မလှုပ်မရှားအရှိအသေပြုရပ်ခြင်းသည် အလ္လာဟ်နှင့်သာသက်ဆိုင်သည်။ ရုကူ၊ စဂျ်ဒဟ်သည် အလ္လာဟ်နှင့်သာသက်ဆိုင်သည်။ သဝါဖ်လှည့်ပတ်၊ အေ့သိကာဖ်ဆိုင်းငံ့ခြင်း၊ အေဟာဒသ်သည် အလ္လာဟ်နှင့်သာ သက်ဆိုင်သည်။ ကုရ်ဘာနီအလ္လာဟ့်အတွက်သာ ပြုရသည်။ ဆည်းကပ် ပ, သခြင်းကိုအလ္လာဟ်သာပိုင်သည်။ အရှင်မြတ်ထံ တိုက်ရိုက် ဒုအာပြုတောင်းခံရသည်။ ခိုလှုံရာ၊ မှီခိုရာ အလ္လာဟ်သာ၊ အားကိုးအားထားရာ ပြုရသော အရှင်မှာ အလ္လာဟ်သာ၊ အရှင်မြတ်၏ ကြည်ဖြူနှစ်မြို့မှုကိုသာ ဦးတည်ရမည်။ အရှင်မြတ်အားအလုံးစုံထက်ပို၍ ချစ်ရမည်။ အလုံးစုံထက်ပို၍ အရှင်မြတ်ကိုသာ ကြောက်ရမည်။ ဒီးန် ဒွန္နယာ ကိစ္စရပ်တိုင်းမှာ အရှင်မြတ်၏ အိဗာဒသ်သာ အဓိကကျသည်။

## ရှိရက်ဖြစ်သော အချက်များတွင် အကြီးစားအမျိုးအစားမှာ

### ၁။ ရှိရက်ပိဓာသ်

ကိုးကွယ်ရာ အရှင်မြတ်ကဲ့သို့ အရှင်နှစ်ပါး (သို့) အများအပြားရှိသည်ဟု ယုံကြည်ခြင်း၊ နတ်၊ မလာအိကဟ်၊ ဝလီများကို အရှင်မြတ်၏ အစိတ်အပိုင်းဖြစ်သည်။ အလ္လာဟ် ထံ ဝင်ဆန့်နေသည်ဟု ယုံကြည်ခြင်း။

ရှိရက်လက်ခံမည့်သူစား

သူသည်ခံရသည်ဖြစ်စေ

မီးလောင်တိုက်သူသွင်းခံရသည်ဖြစ်စေ

သူသက်စွန့်လိုက်ပါ

## ၂။ ရှိရ်က်ပိဖ်ဆေ့ဖာသ်

အရှင်မြတ်၏ တန်ခိုးမျိုး အခြားတစ်ဦးဦး၌လည်း ရှိသည်ဟုမှတ်ယူခြင်း၊ ဥပမာ နတ်၊ ဝလီများသည် မိုးရွာသွန်းစေနိုင်သည်။ ရှင်စေ သေစေနိုင်သည်။ သားသမီးပေးနိုင်သည်။ စားနပ်ရိက္ခာပေးနိုင်သည်။ ကောင်းကျိုးဆိုးကျိုး ပေးနိုင်စွမ်းရှိသည်။ လိုအင်ဆန္ဒကို ပြည့်မြောက်စေနိုင်သည်။ ၎င်းတို့သည် အရှင်မြတ်ကဲ့သို့ မျက်ကွယ်၌ရှိသမျှကို သိမြင်သည်ဟု မှတ်ယူခြင်း။

## ၃။ ရှိရ်က်ပိဖ်အေဗာဒသ်

အရှင်မြတ်ကဲ့သို့ အခြားတစ်ဦးဦးကိုးကွယ်ထိုက်သည်ဟု မှတ်ယူကာ ၎င်းတို့ကိုဦးချခြင်း၊ ဦးညွှတ်ခြင်း၊ ကအ်ဗဟ်မှာကဲ့သို့ သဝါဖ်လှည့်ခြင်း၊ ၎င်းတို့အမည်ဖြင့် ရိဇဟ်စောင့်ခြင်းစသည်များသည် ရှိရ်က်ဖြစ်သည်။

အချုပ်မှာ သောင်ဝ်ဟီးဒ်ဒေဇာသ်ဖြစ်သည်။ ဥပမာ ယဟူဒီသည် တမန်တော်အုဇဲရ်ကို အလ္လာဟ်၏သားအဖြစ်

လက်ခံကြသကဲ့သို့ နဆွရာများသည် တမန်တော်အီစာကို အလ္လာဟ်၏ သားအဖြစ် လက်ခံရာနှစ်အုပ်စုလုံး မွှရိုရိစ်က် ဖြစ်သွားကြလေသည်။

(စူရဟ် ၉၊ အာယသ်၃၀)တွင်........

*"စင်စစ် ယဟူဒီများက တမန်တော်အုဇဲရ်သည် အလ္လာဟ်၏သားဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြသည်။ ထို့နည်းတူစွာ အီစာအီတို့ကလည်း အီစာ(တမန်တော်)သည် အရှင်မြတ်၏ သားတော်ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ဤသည် ၎င်းတို့က မိမိတို့၏နှုတ်များဖြင့် (အခြေအမြစ်ကင်းမဲ့စွာသော) စကားကို ပြောဆိုခြင်းမျှသာဖြစ်သည်။ ဤသူတို့သည်လည်း မိမိတို့အလျင် ရှေးအတိတ်ကာလ၌ ရှိခဲ့ကြသော ကာဖိရ်ယုံကြည်မှု ကင်းမဲ့သူတို့၏ ပြောဆိုမှုကိုလိုက်၍ အတုယူကာ ၎င်းတို့နည်းတူ ပြောဆိုကြခြင်းပင်ဖြစ်သည်။ အလ္လာဟ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူပါစေ။ ၎င်းတို့သည် အမှန်ကိုပယ်၍ အမှားဘက်သို့*

မည်သို့လျှင်ပြန်လှည့်သွားကြသနည်း။'' ဟူ၍လာရှိပြီး

(စူရဟ် ၄၃၊ အာယသ် ၁၅)တွင်........

''မွတ်ရှိရစ်က်များက တဖန် ၎င်းတို့သည် ထိုအရှင်မြတ်၏ ကျွန်များအနက် အချို့ကို ထိုအရှင်မြတ်၏ အစိတ်အပိုင်းတစ်ခုဟူ၍ သတ်မှတ်ခဲ့ကြကုန်၏။ ဧကန်အမှန်လူသားသည် ထင်ရှားစွာသော ကျေးဇူးကန်းသူပင် ဖြစ်ချေသည်။''

သောင်ဟီးဒ်ဆွေဖာသ်၏ ဆန့်ကျင်ဘက်သည် ရှိရ်က် ဖိစ်စွိဖာသ်ဖြစ်သည်။ အရှင့်ဂုဏ်တော်မှာ အလွန်များပြားသည်။ ရေတွက်ရန်ဝေးစွ၊ မှန်းဆရန်ပင် မဖြစ်နိုင်ကြောင်းကို။

(စူရဟ် ၁၈၊ အာယသ်၁၀၉)တွင်........

''အို နဗီတမန်တော် အသင်သည် ၎င်းတို့အား ဤသို့ပြောကြားပါ။ အချင်းတို့ အကယ်၍ ငါ့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အာယသ်တော်များကို ရေးသားရန် အလို့ငှာ ပင်လယ်သမုဒ္ဒရာ အားလုံးတို့သည်

ပင် မင်ရည်များဖြစ်ခဲ့အံ့သော်ငြားလည်း ၎င်းပြင် အကယ်၍ ငါတို့သည် ယင်းပင်လယ်များကဲ့သို့ အခြားပင်လယ်များကိုပင် အကူအညီဖြင့် ထပ်မံ၍ယူလာခဲ့အံ့သော်ငြားလည်း ငါ့အားဖန်ဆင်းသောအရှင်မြတ်၏ အာယသ်တော်များသည် ရေးသားကုန်ဆုံးခြင်းမရှိဘဲ ပင်လယ်သမုဒ္ဒရှိရေများသည်သာလျှင် ကုန်ခမ်း၍သွားပေလိမ့်မည် ဟူ၍ မိန့်ကြားသတိပေးတော်မူထားသည်။''

သောင်ဟီးဒ်ဒေအေဗာဒသ်၏ အဓိပ္ပါယ်တစ်မျိုးကား ဇာ်ပသခြင်း၊ နောက်တစ်မျိုးက နာခံကျိုးနွံခြင်းဖြစ်သည်။

**(စူရဟ် ဟာမီးမ်စဂျ်ဒဟ်၊ အာယသ်၃၇)တွင်......**

*''အသင်တို့သည် နေကိုပျပ်ဝပ်ဦးချခြင်း မပြုကြကုန်လင့်။ ထိုနည်းတူစွာ အသင်တို့သည် လ,ကိုလည်း ပူဇော်ဆည်းကပ်ခြင်း မပြုကြကုန်လင့်။ သို့ရာတွင် ယင်းသက်သေ လက္ခဏာတော်များကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ကိုသာလျှင်၊ အကယ်စင်စစ် အသင်*

တို့သည် ထိုအရှင်မြတ်သာ ဆည်းကပ်ကိုးကွယ်သူများဖြစ်ကြပါမှ အလ္လာဟ်အရှင်မြတ်ကိုသာ စဂျ်ဒဟ်ဦးချကြလေကုန်။

ကိယာမသ်နေ့၌ ထာဝရလွတ်မြောက်မှုသည် နှစ်ရပ်အပေါ်မူတည်မည်။

(၁) အီမာန်၊ (၂) အအ်မာလေဆွာလေဟာဖြစ်၏။

အီမာန်အကိုင်းအလက်(၇၀)ရှိသည်။ ယင်းတို့အနက်အမြတ်ဆုံးမှာ ကလိမဟ်အီမာန်ဖြစ်သည်။ အအ်မာလ်ဆိုသည်မှာ တမန်တော်မြတ်၏ စွန္နသ်နှင့် ကိုက်ညီသောလုပ်ရပ်ကိုခေါ်သည်။ အာခိရသ်၏ လွတ်မြောက်စရာများအနက်အမလ်များသည် အရေးပါသော်လည်း သောင်ဝ်ဟီးဒ် အယူဝါဒသည် အအ်မာလေဆွာလေဟာထက်ပို၍ အရေးကြီးပေသည်။

သောင်ဝ်ဟီးဒ်အတူပါခဲ့သော် အမလ်များတွင် ချွတ်ယွင်းနေလျှင် လွတ်ငြိမ်းခွင့်ရနိုင်သည်။ သို့ရာတွင် အကီဒဟ်

အယူဝါဒများတွင် မွတ်ရှ်ရိက် (သို့) ရှစ်ရ်က်ရောနော သောင်ဝ်ဟီးဒ်တို့နှင့် တူညီသွားပါက မိုးမြေအနှံ့ အမလ်များ ပါသွားလည်း အချည်းအနှီးသာဖြစ်ပေသည်။

မှန်ကန်သော သောင်ဟီးဒ်

အယူဝါဒကို လက်ခံယုံကြည်ပြီး

ရှိရ်စ်က်အပေါင်းတို့ကို

ရှင်းလင်းထားနိုင်စွမ်း

သျှီးမြှင့်တော်မူပါစေ၊ (အာမီန်)

# احكام صلوة

## နမားဇ်ဆိုင်ရာ အရေးကြီးသော မစာအီလ်(တစ်ရာ) ဖရုပ်ဇ်၊ ဝါဂျစ်ဗ်၊ စွန္နသ်တို့၏ အကျဉ်း

နမားဇ်၏ ဖရာအဇ်ဇ်များ(၁၃)ခုရှိသည်။ (၇)ခုမှာ အပြင်ပိုင်းဆိုင်ရာဖြစ်သည်။ (၆)ခုမှာ အတွင်းပိုင်းဆိုင်ရာ ဖြစ်သည်။

**အပြင်ပိုင်းဆိုင်ရာ (၇)ခုမှာ**

(၁) ခန္ဓာကိုယ်သန့်ရှင်းခြင်း။ (၂) အဝတ်သန့်ခြင်း။ (၃) နေရာသန့်ခြင်း။ (၄) အရှက်ဖုံးခြင်း။ အမျိုးသားကချက်မှ ဒူးအထိ၊ အမျိုးသမီးကမျက်နှာ၊ လက်ဖဝါး၊ ခြေမှလွဲ၍ ကျန် အစိတ်အပိုင်းများဖုံးအုပ်ခြင်း။ (၅) နမားဇ်အချိန်ကျခြင်း။ (၆) ကစ်ဗ်လဟ်ဘက်လှဲခြင်း။ (၇) နီယသ်ပြုလုပ်ခြင်း။

**အတွင်းပိုင်းဆိုင်ရာ (၆)ခုမှာ**

(၁) သပ်ကဲ့ဘီးရဲ့သဟ်ရီမဟ်ဆိုခြင်း။ (၂) ကဲ့ယာမ် ရပ်ခြင်း။ (၃) ကဲ့ရာအသ်ဖတ်ခြင်း။ (၄) ရကူဦးညွတ်ခြင်း။ (၅) စဂျ်ဒဟ်ဦးချခြင်း။ (၆) နောက်ဆုံးကအ်ဒဟ်တွင် သရှဟ် ဟွဒ်ခန့်ထိုင်ခြင်း။

# နမာဇ်တွင် ဝါဂျစ်ဗ်(၁၄)ခုရှိသည်

**အေမာမ်နှင့်ပတ်သက်၍ဝါဂျစ်ဗ်ခုရှိသည်**

(၁) အေမာမ်သည် ဖဂျေရ်၊ မဂ်ရဲစ်ဗ်၊ အေရှာဟ်၊ ဂျုမ္မာနှင့်အီးဒ်၊ သရာဝီးဟ်နှင့် ရမ်ဇာန်လ ဝိသစ်ရ်နမာဇ်များ တွင် အသံဖြင့်ကဲ့ရာအသ်ဖတ်ခြင်း၊ ဇဟိုရ်၊ အဆွဂ်ရ်တို့တွင် တိုးတိုးစွာဖတ်ခြင်း။

**ဝါဂ်ဦးချင်း (၃)ခု**

(၁) ဝိသစ်ရ်နမားဇ်တွင် ဒိုအာကူနူးသ်အတွက်

သပ်က်ဘီးရ်ဆိုခြင်း၊ ဒိုအာကူနူးသ်ဖတ်ခြင်။ (၂) အီးဒ်နမာဇ် နှစ်ခုတွင်အပိုသက်ဘီးရ်ခြောက်ကြိမ်စီဆိုခြင်း (၃)စလာမ်စာလုံး ဖြင့် နမာဇ်ကို အဆုံးသတ်ခြင်း။

## ကိယာမ်နှင့်ဆိုင်သည် (၄)ခုမှာ

(၁) ဖရပ်ဇ်နမားဇ်၏ပထမ(၂)ရကအသ်တွင် ကိရာ အသ်သတ်မှတ်ခြင်း။ (၂) ဖရပ်ဇ်နမာဇ်တတိယနှင့် စတုတ္ထ ရကအသ်မှအပ နမားဇ်၏ရကအသ်တိုင်းတွင် စူရဟ်ဖာသိ ဟာဟ်ဖတ်ခြင်း။ (၃) ဖရပ်ဇ်နမားဇ်၏ တတိယနှင့် စတုတ္ထ ရကအသ်အပြင် နမားဇ်၏ရကအသ်တိုင်းတွင် စူရဟ်ဖာသိ ဟာဟ်၏နောက် စူရဟ်တစ်ပုဒ်(သို့)အာယသ်ကြီးတစ်ခု(သို့) အာယသ်ငယ် ၃–ခုဖတ်ခြင်း။ (၄) စူရဟ်ဖာသိဟာဟ်ကို စူရဟ် အရင်ဖတ်ခြင်း။

## (၃)ခုမှာ ၂–ခုမိတ္တဲလျက်

ဝါဂျစ်ဗ်(၂)ခုမှာ သအ်ဒီလ်အရ်ကာန်၊ သရ်သီးဘ် အရ်ကာန်နှင့် ဆိုင်သည်။

(၁) သအ်ဒီလ်အရ်ကာန်၊ ရကူ၊ စဂ်ျဒဟ်၊ စသည် တို့ကို အေးဆေးကောင်းမွန်စွာဆောင်ရွက်ခြင်း။
(၂) သရ်သီးဘ် အရ်ကာန်သည် ကိရာအသ်၊ ရကူနှင့် စဂ်ျဒဟ်များကို ရကအသ်များတွင် သရ်သီးဘ်နှင့် ဆောင်ရွက်ခြင်း။

**သရှဟ်ဟှုဒ်ဆိုင်ရာဝါဂျိဗ်(၂)ချက်**

(၁) ကအ်ဒဟ်အူလာ ၃-၄ ရကအသ်ရှိ နမားဇ်များ တွင် ဒုတိယရကအသ်၌ သရှဟ်ဟွဒ်ဖတ်သည်ခန့်ထိုင်ခြင်း။
(၂) ကအ်ဒဟ် နှစ်ခုစလုံးတွင် သရှဟ်ဟွဒ်ဖတ်ခြင်း။

**ကောင်မဟ်၊ ဂျလ်စဟ်ဆိုင်ရာ ဝါဂျိဗ်(၂)ချက်**

(၁) *ကောင်မဟ်၊* ရကူမှတည့်မတ်စွာရပ်ခြင်း။
(၂) *ဂျလ်စဟ်၊* စဂ်ျဒဟ်နှစ်ခုကြားတွင် တည်ငြိမ်စွာထိုင်ခြင်း။

# နမာဇ်းတွင် စွန္နသ်(၂၁)ခုရှိသည်

## ကအ်ဒဟ်(၅)ခု

(၁) ဂျလ်စဟ်နှင့်ကအ်ဒဟ်တွင် ဘယ်ခြေခင်း၍ထိုင်ခြင်း။ ညာခြေ၏ခြေချောင်းများ ကစ်ဗ်လဟ်ဘက်လှဲ့ထား၍ ထောင်ထားခြင်း၊ လက်နှစ်ဘက်ကိုပေါင်ပေါ်တင်ထားခြင်း။ (၂) اشهد ان لا اله တွင် လက်ညှိုးဖြင့်ညွှန်ပြခြင်း။ (၃) နောက်ဆုံးကအ်ဒဟ်တွင် သရှဟ်ဟွဒ်နောက် ဒရူးဒ်ဖတ်ခြင်း။ (၄) ဒရူးဒ်ရှရီးဖ်နောက် ဒိုအာဖတ်ခြင်း။ (၅) ပထမညာဘက်နောက်ဘယ်ဘက်စလာမ်လှည့်ခြင်း။

## ရုကူ စဂျ်ဒဟ်ဆိုင်ရာ(၄)ခု

(၁) ရုကူ၊ စဂျ်ဒဟ်တို့တွင် အနည်းဆုံး သပ်စ်ဗီးဟ်(၃)ကြိမ်ဆိုခြင်း။ (၂) ရုကူစဂျ်ဒဟ်တွင် ဦးခေါင်းနှင့် ကျောတပြေးညီထားခြင်း၊ လက်ချောင်းများကိုချဲထား၍ ဒူးကိုကိုင်ခြင်း ကောင်မဟ်တွင် အေမာမ်က سمع الله لمن حمده ဆို၍

မွတ်က်သဒိက رَبَّنَالَكَ الْحَمْدُ ဆိုခြင်း။ မွရ်ဖရစ်ဒ်ကနှစ်ခုစလုံး ဆိုခြင်း။

**ကောယာမ်တွင် (၈)ခု**

(၁) ညာလက်ကိုဘယ်လက်ပေါ်တင်၍ ချက်အောက် တွင်ပိုက်ခြင်း။ (၂) စနာဖတ်ခြင်း။ (၃) သအောင်ဇုဖ်ဖတ်ခြင်း။ (၄) ဗစ်မိလ္လာဟ်အဆုံးထိဖတ်ခြင်း။ (၅) ဖရပ်ဇ်နမားဇ်၏ တတိယ၊ စတုတ္ထရကာအသ်တွင် စူရဟ်ဖာသိဟာဟ်ဖတ်ခြင်း။ (၆) အာမီးန်ဆိုခြင်း။ (၇) သအောင်ဇုဖ်၊ သပ်စ်မီယဟ် အာမီးန် တို့ကို တိုးတိုးဆိုခြင်း။ (၈) စွန္နသ်နှင့်အညီ ကိရာအသ်ဖတ်ခြင်း။

**သပ်က်ဗီးရ်နှင့်ဆိုင်ရာ စွန္နသ်(၄)ခု**

(၁) သပ်က်ဗီးရ်မဆိုမီ လက်နှစ်ဘက်ကိုနားထိမြှောက် ခြင်း။ (၂) လက်နှစ်ဘက်မှလက်ချောင်းများ ပုံမှန်ဖြန့်ထား၍ ကစ်ဗ်လဟ်ဘက်လှည့်ထားခြင်း။ (၃) သပ်က်ဗီးရ်ဆိုချိန် ဦး ခေါင်းမညွှတ်ရ။ (၄) ရကွန်တစ်ခုမှတစ်ခုသို့ပြောင်းချိန် အမောမ်

သည့် သပ်ကပ်ဗီးရှိအားလုံးကို အသံနှင့်ဆိုခြင်း။

# နမားဇ်တွင် မက္ကရူဟ်(၂၉)ခုရှိသည်

**တစ်ဦးချင်း (၂)ခု**

(၁) စွန္နသ်တော်နှင့်ဆန့်ကျင်၍ နမားဇ်ဖတ်ခြင်း။ (၂) တံတောင်ကိုမြေပေါ်ခင်း၍ နမားဇ်ဖတ်ခြင်း။

**ခါးနှင့်ဆိုင်ရာ(၂)ခု**

(၁) ခါးဆောင်းပေါ်လက်တင်ထားခြင်း။ (၂) အပေါ့အလေးသွားလိုသောအဖြစ်၌ နမာဇ်ဖတ်ခြင်း။

**ရင်ဘတ်ဆိုင်ရာ (၂)ခု**

(၁) သန်းခြင်း။ (၂) လက်ကိုလျင်မြန်စွာ ထုတ်မရသော ပုံစံဖြင့် အဝတ်ကိုလိပ်ပတ်၍ နမားဇ်ဖတ်ခြင်း။

**ဒေအာမ်(၂)ခု**

(၁) အေမာမ်က လက်တံတောင် မွတ်က်သဒီတို့ ထက် အမြင့်မှာရပ်၍ နမားဖ်ဖတ်ခြင်း။ (၂) အေမာမ်က မဲဟ်ရာဖ်အတွင်း မတ်တတ်ရပ်ခြင်း။

**မတ်တတ်ရပ်ရာတွင်(၂)ခု**

(၁) တစ်ဦးတစ်ယောက်မျက်နှာဘက်လှည့်၍ မတ်တတ်ရပ် နမားဖ်ဖတ်ခြင်း။ (၂) ရှေ့တန်းတွင်နေရာရှိပါလျက် နောက်တန်းတွင် တစ်ဦးတည်းရပ်၍ နမားဖ်ဖတ်ခြင်း။

**မျက်စေ့ဆိုင်ရာ(၂)ခု**

(၁) မျက်စေ့မှိတ်ထားခြင်း။ (၂) ကစ်ဗ်လဟ်ဘက်မှ မျက်နှာလွဲ၍ အရှုအာရုံဖြင့် ဟိုဘက်ဒီဘက်ကြည့်ခြင်း။

**နပူးနှင့်ဆိုင်ရာ(၂)ခု**

(၁) ပေါင်းထုပ်စအပေါ် စဂ်ျဒဟ်ပြုလုပ်ခြင်း။

(၂) လက်(သို့)ဦးခေါင်း၏အရိပ်လက္ခဏာဖြင့်စလာမ်တုံ့ပြန်ခြင်း။

**ဦးခေါင်းဆိုင်ရာ(၂)ခု**

(၁) ပျင်းရိပေါ့ဆမှုကြောင့် ဦးထုပ်မဆောင်းဘဲ နမာဇ် ဖတ်ခြင်း။ (၂) ဆံပင်များကို ဦးခေါင်းပေါ်စုရုံး ဆံထုံးထုံးခြင်း။

**အဝတ်အစားနှင့်ဆိုင်ရာ (၆)ခု**

(၁) အဝတ်တွဲလောင်းချခြင်း၊ ဥပမာခြုံထည်တင်၍ အစနှစ်ဘက်တွဲလောင်းချထားခြင်း၊ အင်္ကျီရှည်ခြုံ၍ လက် မောင်းထဲလက်မထည့်ဘဲ ပုခုံးပေါ်တင်ထားခြင်း။ (၂) အဝတ် များ မြေမပေစေရန် လက်ဖြင့်သိမ်းထားခြင်း။ (၃) အဝတ်(သို့) ခန္ဓာကိုယ်နှင့် ကစားခြင်း။ (၄) သာမန်အဝတ်အစားဖြင့် နမာဇ် ဖတ်ခြင်း(ယင်းအဝတ်စားဖြင့်လူကြားထဲသွားခြင်းကိုမနှစ်သက်ချင်း) (၅) သက်ရှိတိရိစ္ဆာန် ရုပ်ပါသောအဝတ်ကိုဝတ်၍ နမာဇ်ဖတ် ခြင်း။ (၆) နမာဇီ၏ဦးခေါင်းရှေ့(သို့)လက်ဝဲလက်ယာ(သို့) စဂျ် ဒဟ်ချမည့်နေရာတွင် ရုပ်ပုံရှိနေခြင်း။

**ပါးစပ်နှင့်ဆိုင်ရာ(၂)ခု**

(၁) ပါးစပ်တွင် ငွေကြေး(သို့) ကိုရာအသ်ဖတ်၍ မရအောင်တစ်ခုခုထည့်ထားခြင်း အကယ်၍ ကောရာအသ်ဖတ် မရပါက နမာဇ်ပင်မပိုင်ပေ။ (၂) သိလျက်နှင့်ပါးစပ်ဟ၍သန်း ခြင်း။ တားနိုင်ပါလျက်မတားခြင်း။

**ထိုင်သောအခါ(၂)ခု**

(၁) အကြောင်းမဲ့တင်ပျဉ်ခွေထိုင်ခြင်း။ (၂) ခွေးထိုင် ထိုင်ခြင်း။ (ပေါင်များကို ထောင်ထား၍ ဗိုက်နှင့်ဒူးများကို ရင်ဘတ်နှင့်ကပ်ခါလက်များကို မြေပေါ်ထောက်၍ ထိုင်ခြင်း ကို ခွေးထိုင်ဟုခေါ်သည်။)

**လက်နှင့်ဆိုင်ရာ (၂)ခု**

(၁) လက်ချောင်းများချိုးခြင်း(သို့)လက်ချောင်းများ ယှက်ထားခြင်း။ (၂) အာယသ်များ၊ စူရဟ်များ၊ သပ်စ်ဗီးဟ် များကို လက်ချောင်းနှင့်ရေတွက်ခြင်း။ (၃) ကျောက်စရစ်ခဲ

များကို ဖယ်ရှားခြင်း (အကယ်၍ စက္ကူဒဟ် ချရန်ခက်ခဲပါက တစ်ကြိမ်ဖယ်ခြင်းတွင် ကိစ္စမရှိပါ။)

# နမားငင်ပျက်စေသောအချက်(၁၈)ချက်ရှိသည်

**တစ်ဦးချင်းဆိုင်ရာ(၃)ခု**

(၁) အရွယ်ရောက်သူကနမားဇ်တွင် ဟားတိုက်၍ (သို့) အသံထွက်၍ရယ်ခြင်း။ (၂) အမလေကာစီးရ်ကြည့်နေသူက နမားဇ်မဖတ်ဟုထင်စေသော အလုပ်တစ်ခုခုလုပ်ခြင်း။ (၃) ဒုအာတွင်လူသားချင်းတောင်းခံရသော အရာမျိုးတောင်းခြင်း။ ဥပမာ အိုအလ္လာဟ် ကျွန်တော်မျိုးအား ငွေတစ်ရာပေးပါ။

**ကုရ်အာန်ဆိုင်ရာ (၂)**

(၁) ကုရ်အာန်ကိုကြည့်၍ဖတ်ခြင်း။ (၂) ကုရ်အာန်ဖတ်ရာတွင် ကြီးမားသောအမှားကို ဖတ်မိခြင်း။

## စလာမ်၊ ကလာမ်၊ အဖြေ၊ ဒုက္ခ၊ သတင်း၊၊ ရောဂါဆိုင်ရာ(၄)ခု

(၁) စလာမ်ဆိုခြင်း တစ်ဦးကိုစလာမ်ပေးရန် ရည်ရွယ်၍ စလာမ်(သို့)အတ်စ်လာမ့်အလိုက်ကွမ်(သို့)ထိုကဲ့သို့ စာလုံးမျိုးပြောဆိုခြင်း။ ကလာမ်နမားဇ်တွင်သိလျက်(သို့)မေ့လျက်နည်းများမဆိုစကားပြောခြင်း။ (၃) ဂျဝါးဘ်စလာမ်၏ အဖြေပေးခြင်း(သို့)ဆိုခြင်း။ (၄) ဒုက္ခနာကျင်ပူဆွေးမှုကြောင့်အား(သို့)အိုးဟုဆိုခြင်း။ (၅) သတင်းဆိုးကြား၍ انا لله ဆိုခြင်းအံ့ဘွယ်သတင်းအပေါ် سبحان الله ဆိုခြင်း။ (၆) ရောဂါနာကျင်မှု(သို့)ဒုက္ခကြောင့်ငိုရာတွင် အသံ၌စာလုံးများထွက်ပေါ်လာခြင်း။

## မှတ်ကျသဒီဆိုင်ရာ (၂)ခု

(၁) မိမိအေမာမ်မှလွဲ၍ တခြားသူကို အမှားထောက်ခြင်း။ (၂) အေမာမ်ထက်ရှေ့ရောက်ခြင်း (ရုကွန်)တစ်ခုခုကို အေမာမ်၏အရင်ပြုလုပ်ခြင်း။

## ခန္ဓာကိုယ်ရွှေ့ပိုင်းနှင့်ဆိုင်ရာ (၅)ခု

(၁) မသန့်သောနေရာ၌ စဂျ်ဒဟ်ပြုခြင်း။(၂) သိလျက် မေ့လျက်စားသောက်ခြင်း။ (၃) အကြောင်းမဲ့ ကစ်ဗ်လဟ်ဘက်မှ ရင်ဘတ်လှည့်ပစ်ခြင်း။ (၄) အရှက် ရကွန်တစ်ခုစာခန့် ပေါ်နေခြင်း။ (၅)ခြေနှစ်တန်းစာခန့်ရှေ့(သို့)နောက်သို့လျှောက်သွားခြင်း။

# မွတ်စ်သဟာဗ်(၅)ချက်

## ခန္ဓာကိုယ်ဆိုင်ရာ မွတ်စ်သဟာဗ်(၂)ခု

(၁) တတ်နိုင်သရွေ့ ချောင်းဆိုးခြင်းကို တားဆီးခြင်း (၂) သန်းချိန်တွင် ပါးစပ်ပိတ်ထားခြင်း။ ပါးစပ်ပွင့်သွားပါက ရပ်နေချိန်တွင် ညာလက်ဖမိုးဖြင့်ပိတ်ထားခြင်း၊ ကျန်ရကွန်များတွင် ဘယ်လက်ဖမိုးဖြင့် ပါးစပ်ကိုဖုံးလိုက်ခြင်း။

## နမားဇ်တွင် မွတ်စ်သဟာဗ်(၃)

(၁) သပ်က်ဗီးရ်သဟ်ရီမဟ်ဆိုချိန် အမျိုးသားများ

လက်ဖဝါးနှစ်ဘက် အင်္ကျီလက်မောင်းမှအပြင်ထုတ်ခြင်း၊ အမျိုးသမီးများ ခြုံထည်အတွင်းမှပင် လက်နှစ်ဘက်ကို ပုခုံးထိ မြှောက်ခြင်း။ (၂) ရုကူစဂျ်ဒဟ်တွင် တစ်ဦးချင်းဖတ်သူသည် သပ်စ်ဗီးဟ်ကို ၃-ကြိမ်ထက်ပို၍ဆိုခြင်း။ (၃) မတ်တတ်ရပ်ချိန် စဂျ်ဒဟ်ချရာနေရာ၌ ရုကူတွင်ခြေဖမိုးပေါ် စဂျ်ဒဟ်တွင် နှာခေါင်းပေါ် ကအ်ဒဟ်ထိုင်ရာတွင် မိမိရင်ခွင်ကို စလာမ်ဆိုချိန်တွင် မိမိပုခုံးကိုကြည့်နေခြင်းတို့ဖြစ်သည်။

احكام رمضان

## လမြတ်ရမသျှာန်၏ပညတ်တော်များ

ရဂျဗ်လ ၂၉-ရက်နေ့တွင် ယှအ်ဗာန်လ၏ ဆန်းဦး စလကို ရှာဖွေကြည့်ရှုရန်မှာ မွတ်စ်သဟာဗ်ဖြစ်သည်။ ယှအ်ဗာန်လ ၂၉-ရက်နေ့တွင် နေဝင်ပြီးချိန် အနောက်ဘက် ကောင်းကင်ထက်ဝယ် ရမသျှာန်၏ ဆန်းသစ်စလကို ရှာဖွေ

ကြည့်ရှုရန်မှာ ဝါဂျိဗ်ဖြစ်သည်။

ယှအ်ဗာန်လ ၂၉-ရက်နေ့တွင် ရမသွာန်လ၏ ဆန်းသစ်စလကို တွေ့မြင်ရပါက နောက်နေ့နံနက်တွင် ဆွောင်မ်ဥပုသ်စောင့်ထိန်းရ၏။ ရဂျဗ်လဆန်းသောအခါ မကြားခဏ အောက်ပါဒုအာကို ရွတ်ဖတ်ပါ။

اَللّٰهُمَّ بَارِكْ لَنَا فِىْ رَجَبَ وَشَعْبَانَ وَبَلِّغْنَا رَمَضَانَ

**ဆွောင်မ်ဥပုသ်(၈)မျိုးရှိသည်**

(၁) *ဖရပ်ဇ်* (ရမသွာန်လ၌ ဆွောင်မ်စောင့်ထိန်းရ၏) (၂) *ဖရပ်ဇ်ကဇာ* (အကြောင်းတစ်ခုခုကြောင့် ရမ်ဇာန် ဆွောင်မ် ပျက်ကွက်သဖြင့် ကဇွာဖြည့်ရ၏။) (၃) *ဝါဂျစ်ဗ်* (နေ့ရက်သတ်မှတ်၍ ဆွောင်မ်ထားမည်ဟု ကိုးထားသော ဆွောင်မ်မျိုးဖြစ်သည်) (၄) *ရက်မသတ်မှတ်ဘဲ ကိုးထားသော* ဆွောင်မ်နှင့်ကဖ္ဖာရဟ် ဆွောင်မ်မျိုးဖြစ်သည်။ (၅) *စွန္နသ်* (တမန်တော်မြတ်ကိုယ်တိုင် ထားရန် နှိုးဆော်တော်မူသော ဆွောင်မ်မျိုး၊ ဥပမာ အိုက်ယာမေ ဗီးဇ် ၃-ရက်ဆွောင်မ်

အာရှုရုပ်ဆွောင်မ် ၂-ရက် အရဖပ်နေ့ ဆွောင်မဲ, **မွတ်စ်သဟာဗ်** (ဖရပ်ဇ်၊ ဝါဂျိဗ်နှင့်စွန္နသ်ဆွောင်မ်မှ အပ ကျန်ဆွောင်မ်အားလုံးကိုခေါ်သည်။ ဥပမာ ရှောင်ဝလ်လ ဆွောင်မ်၊ ယှအ်ဗာန် ၁၅-ရက်ဆွောင်မ်၊ ကြာသပတေး၊ တနလ်ာ ဆွောင်မ်များ၊ (၇ ) **မက္ကရှုဟ်** (မိမိသဘောဖြင့် တနေ့နေ့ကို သတ်မှတ်၍ စောင့်သော့ဆွောင်မ်၊ ခင်ပွန်း၏ ခွင့်ပြုချက်မရဘဲ စောင့်သောနဖိလ်ဆွောင်မ်) (၈) **ဟရာမ်** (အီးဒ်နှစ်အီးဒ် အိုက် ယာမေသရှ်ရီးက်ဆွောင်မ်များ) စုစုပေါင်း ၅-ရက်ဖြစ်သည်။

ဆွောင်မ်ဥပုသ်စောင့်ထိန်းခြင်းကို ဆွောင်မ်နှင့် ဆွိယာမ်ဟုခေါ်ပြီး ဝါဝင်စချိန် စားသောက်ခြင်းကို စဲဟ်ရီနှင့် ဝါဖြေခြင်းကို အိဖ်သာရီဟုခေါ်သည်။

## လိုက်နာရန်

ရမသွာန်လ၌ စိတ်ပါလက်ပါ သောင်ဝ်ဗဟ်ပြုပါ။ ဂုနာဟ်များကိုစွန့်လွှတ်ပါ။ နမာဇ်များကို ဂျမာအသ်နှင့်တကွ

ဆောက်တည်ကြပါ။ ရရှိအသ်ချင်းချက်မရှိပါက ဆွောင်မ်ကို မပျက်တမ်းစောင့်ထိန်းပါ။ ညသရာဝီးဟ်ကိုလည်း မလွှတ်ပါစေနှင့်။ အစားသောက်နှင့် ကိုယ်လက်နှီးနှောမှုကို စွန့်ရှံမှု မဟုတ်ဘဲ ခြေ၊ လက်၊ မျက်စိ၊ နား၊ နှာခေါင်း၊ နှုတ်၊ ဦးနှောက်ဖြင့် ကျူးလွန်မှုမှန်သမျှကိုလည်း ရှောင်ကျဉ်စေလိုသည်။ အိရ်ှရားက်၊ ကျားရှ်သ်၊ အောင်ဝါဗီးန်၊ အထူးသဖြင့် သဟဂျ်ဂျုဒ်နမာဇ်ကို အလေ့အထပြုလိုက်ပါ။ ရမသွာန်နှင့် ကုရ်အာန်ဆက်စပ်မှုရှိ၍ အတတ်နိုင်ဆုံး ကုရ်အာန်သိလာဝသ် ပြုလုပ်ပါ။ အကြိမ်ကြိမ် ခသမ်သိမ်းပါ။ ထိုင်ထသွားလာလျက် *လားအိလားဟအစ်လ္လလ္လာ* لا اله الا الله ကလေမဟ်တော်ကို တသရွတ်ဆိုနေပါ။ သအ်လင်မ်ထိုင်ပါ။ တခါတရံကိုယ်တိုင် လေ့လာပါ။ အထူးသဖြင့် စွံန္နသ်တော်များကို ကျင့်သုံးနေပါ။ နေ့စဉ်ဒုအာတွင် ဂျန္နသ်ကိုတောင်းရင်း၊ ဂျဟန္နမ်မှကင်းရန် ဆုပန်နေပါ။ အင်န်ရှာအလ္လာဟ် ဤသို့ကျင့်သုံးခြင်းအားဖြင့် အစ္စလာမ်၏အရောင်အသွေးပါသော ဘဝသက်တမ်းကို ထူထောင်နိုင်မည်။ ရမသွာန်ကြောင့် နှလုံးသား သန့်စင်

ပြောင်းလဲလာမည်။ အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူပါစေ။

**စဟ်ရီနှင့်နီယသ်**

ဆွောင်မ်စောင့်ရန် စဟ်ရီစားခြင်းမှာ မွတ်စ်သဟာဗ် ဖြစ်သည်။ အားအင်ပြည့်ဝ၍ ဗရ်ကသ်ရှိသည်။ ဆွောင်မ် စောင့်ရာတွင် နီယသ်ပြုခြင်းသည် စည်းကမ်းချက်တစ်ရပ် ဖြစ်၏။ လူတစ်ဦးသည် အကြောင်းကြောင်းကြောင့် နံနက်ချိန်မှ နေဝင်ချိန်အထိ စားသောက်မေထုံမိဝဲခြင်းများကို မပြုခဲ့ သော်လည်း ဆွောင်မ်စောင့်ရန် နီယသ်မပြုခဲ့လျှင် ဆွောင်မ် မပိုင်ချေ။

ထို့ကြောင့် ရှရ်အီနေ့ထက်ဝက် (နေ့လည် ၁၁နာရီ) ထက်အလျင် နီယသ်ပြုရ၏။ စဟ်ရီအချိန်မထဖြစ်သူသည် မည်သည့်စားသောက်ခြင်းကိုမျှမပြုဘဲ ဆွောင်မ်၏ နီယသ် ပြုလိုက်ရမည်။ ညမအိပ်မီဆွောင်မ်နီယသ်ပြုခဲ့သော် နံနက် မိုးသောက်လင်းချိန် (စုဗ်ဟေဆွာဒိက်) နောက်ပိုင်းတွင် ထိုသူ ၏ ဆွောင်မ်စတင်ခဲ့ ပြီဖြစ်သည်။ စဟ်ရီ၏နောက်ဆုံးအချိန်ကို

ကြည့်၍ မိမိနာရီကိုလည်း စံတော်ချိန်နဲ့ တိုက်ထားရမည်။ စဟ်ရီသတ်မှတ်ချိန် ရောက်ပြီဆိုလျှင် အဇာန်ဆိုသည်ဖြစ်စေ မဆိုသည်ဖြစ်စေ မည်သည့်စားသောက်ခြင်းမျှ မပြုပိုင်တော့ပါ။

**ဆွာင်မ်နိယသ်နှင့်ဒုအာ**

نَوَيْتُ اَنْ اَصُوْمَ غَدًا نَوَيْتُ اَنْ اَصُوْمَ الْيَوْمَ

နိယသ်ကို ရမသွာန် ရက်တိုင်းအတွက် သီးခြားပြုရ၏။ နိယသ်ကိုနှုတ်ဖြင့်လည်း ဆိုနိုင်သည်။ အဓိကမှာ ရည်စူးခြင်းသာဖြစ်ပေသည်။ စဟ်ရီအချိန်မကုန်မီ နိယသ်ပြုသင့်သည်။

**အိဖ်သာရီအချိန်ဒုအာ**

اَللّٰهُمَّ لَكَ صُمْتُ وَبِكَ اٰمَنْتُ وَعَلٰى رِزْقِكَ اَفْطَرْتُ

အသက်ရှင်ရုံမျှနှင့် ဆွာင်မ်စောင့်နိုင်သည့်ခန္ဓာ အားအင်ရရှိရန် စားသောက်ခြင်းမှာ ဖရပ်ဇ်ဖြစ်သည်။ မတ်တတ်

ရပ်၍ နမာဇ်ဖတ်နိုင်သည်ခန့် စားခြင်းမှာ မွတ်စ်သဟာဗ်ဖြစ်သည်။ အလယ်အလတ်အလောတော်စားခြင်းမှာ စွန္နသ်ဖြစ်သည်။ ဝမ်းအပြည့်စားခြင်းမှာ မုဗာဟ်ဖြစ်သည်။ လေချဉ်တက်လောက်အောင်လွန်ကျူးစွာစားခြင်းမှာ အခြားအချိန် အပြစ်ဖြစ်နိုင်သော်လည်း ဆွောင်မ်ထားမည့်သူအဖို့ စားခွင့်ရှိသည်။ သို့သော် အစားကျူး အအိပ်ကျူးလျှင် ပျင်းရိထိုင်းမှိုင်းလေးပင်သွားပေမည်။

## ဆွောင်မ်ဥပုသ်သီလရေးရာရှရီအသ်ပညတ်ချက်

ဆွောင်မ်ကို ငြင်းပယ်သူသည် ကာဖိရ်ဖြစ်သည်။ အကြောင်းမဲ့စွန့်လွှတ်သူသည် ကြီးလေးသော အပြစ်ရှိသူ တရားပျက်သူဖြစ်သည်။

## ရမသျွာန်လ၏ ဖရပ်ဇ်ဆွောင်မ်ဥပုသ်တာဝန်ရှိသူ

အသိဉာဏ်ရှိသူ၊ အရွယ်ရောက်သူ၊ ယောကျ်ား၊ မိန်းမတိုင်း တာဝန်ရှိသည်။ အရွယ်မရောက်သေးသူများအပေါ် တာဝန်မရှိသော်လည်း ငယ်ရွယ်စဉ်ကပင် အလေ့အကျင့်ရရန်

ဆွဲတောင်မ်ိဥပုသ်ထားစေရမည်။ တတ်အားသရွေ့ ဆွောင်မ်ိဥပုသ် ထားခဲ့သော် စောင့်ခဲ့သမျှအတွက် ကြဲဘာပေးပါ ချီးမွမ်းပါ နောက်နေ့ပိုစောင့် နိုင်ရန် အားပေးပါ။

ကလေးဆွောင်မ်ိဥပုသ်ဖျက်လျှင် ကဿွာမထား နိုင်းပါနှင့်။ နမာဇ်ဖျက်လျှင် ပြန်ဖတ်နိုင်းပါ။ ငယ်ရွယ်စဉ် ကျင့်သားရမှ အရွယ်ရောက်သည့်အခါ နမာဇ်၊ ဆွောင်မ်ိဥပုသ် စောင့်ရန် လွယ်ကူပေမည်။ ကလေးတို့ စွမ်းအားရှိသော အခါ နမာဇ် ဆွောင်မ်ိဥပုသ်ထားသည့် အကျိုးကို မိဘများက ရရှိပေမည်။

**ဆွောင်မ်ိဥပုသ်မစောင့်ဘဲ နေခွင့်ရှိသူများ**

(၁) ခရီးသွားနေခြင်း။ (ဆွောင်မ်ိဥပုသ်စောင့်သည်က ပိုမြတ်၏) (၂) ဆွောင်မ်ိဥပုသ်မစောင့်နိုင်လောက်အောင် ရောဂါဖြစ်ခြင်း (ရောဂါပျောက်ကင်းသော် ကဇွာထားရ၏) (၃) အလွန်အိုမင်းခြင်း။ (၄) ကိုယ်ဝန်ရှိသူ ဆွောင်မ်ိဥပုသ် အားဖြင့် မိခင် (သို့) ကလေး၌ အန္တရာယ်ဖြစ်မည်ကို များစွာစိုး

ရိမ်ရခြင်း။ (၅) ဆွောင်မ်ဥပုသ်ကြောင့် နို့တိုက်မိခင်(သို့) နို့စို့ ကလေး၌ဖြစ်စေ ဘေးအန္တရာယ်ဖြစ်ခြင်း။ (၆) ရာသီပန်း ပွင့်ခြင်း မီးတွင်း၌ရှိခြင်း။ (စိုးရိမ်စရာမရှိလျှင် သန့်စင်သွားပါက ကဇ္ဇာထားရမည်။)

## ကျမ်းမြတ်၏လမြတ်

ရမသွာန်လမြတ်၌ ကုရ်အာန်ကျမ်းမြတ်ကျရောက် သည်။ တမန်တော်မြတ်(ﷺ) နှင့် ဂျစ်ဗ်ရာအီးလ်ကောင်းကင် တမန်တို့သည် လမြတ်ရမသွာန်တွင် ကျမ်းတော်မြတ်ကို အပြန်အလှန်ရွတ်ဖတ်ကြသည်။ ထို့ကြောင့် ဟာဖိဇ်များသည် အခြားလများထက် ဤလတွင်ကုရ်အာန်အစအဆုံးအကြိမ်ကြိမ် ခသမ်ဖတ်ခွင့်ရကြ၏။ ဟာဖိဇ်မဟုတ်သော်လည်း ဒီးန်လေးစား သူများက ကုရ်အာန်ဖတ်ကြသည်မှာ ကြည်နူးဖွယ်မြင်ကွင်း ဖြစ်သည်။

အချို့ကကုရ်အာန်မဖတ်တတ်ပါဟု အကြောင်းပြ၍ သိလာဝသ်မပြုဘဲနေကြသည်။ ဖတ်တတ်အောင်မသင်ယူခြင်း

သည့်ပင် အပြစ်ထိုက်သည်။ ဖတ်တတ်သူများအချိန်ယူ၍ ဖတ်ကြသကဲ့သို့ မဖတ်တတ်သူများသည် ထိုမျှအချိန်ထုတ်၍ ကုရ်အာန်ဖတ်တတ်အောင် ဆည်းပူးကြရပေမည်။ ရမသွာန်လအတွင်း၌ပင် ဝိရိယရှိစွာ ဆည်းပူးကြသူများသည် အီးဒ်လမဆန်းမီ ကုရ်အာန်ကို တတ်မြောက်သွားကြပေသည်။ ဖတ်တတ်သူများသည် အနည်းဆုံးတစ်ဦးကို သင်ပေးလျှင် တတ်မြောက်သူများစွာ အွမ္မသ်အတွင်းပေါ်ပေါက်လာပေမည်။ အိဖ်သာရ်ပြီးနောက်ဒုအာ

ذَهَبَ الظَّمأُ وَابْتَلَّتِ الْعُرُوْقُ وَثَبَتَ الْاَجْرُ اِنْشَاءَ اللهُ

ဤသို့ပင်အောက်ပါဒုအာကို ဖတ်လိုက်လျှင် မွေးစကလေးပမာအပြစ် ကင်းစင်သွား ပေသည်။

ကဒရ်ညဒုအာ اَللّٰهُمَّ اِنَّكَ عَفُوٌّ كَرِيْمٌ تُحِبُّ الْعَفْوَ فَاعْفُ عَنِّىْ

## ရမသွန်လ၏ အထူးအိမ်ဗာဒသ်

သရာဝီးဟ်နမာဇ်ကို ရမသွာန်လ၌ဖတ်ရ၏။ ရမသွာန်လ၌ည၏ အိမ်ဗာဒသ်မှာ သရာဝီးဟ်ဖြစ်ပြီး ရမသွာန်၌နေ့၏အိမ်ဗာဒသ်မှာ ဆွောင်မ်ဖြစ်သည်။ အချို့သည်တရားဝင်ဆွောင်မ်မထားနိုင်၊ သို့သော် ချွင်းချက်ပပျောက်သောအခါ ကဇွာထားရမည်။ ကွယ်လွန်သွားလျှင် ဖိဒ်ယဟ်ပေးရမည်။ ဖိဒ်ယဟ်ကို ကိုယ်တိုင်မဆောင်ဖြစ်ပါက ဝစီယသ်ပြုသွားရမည်။ သို့သော် သရာဝီဟ်မှာ စွန္နတ်ဖြစ်၍ စုဟ်ပေးဆွာဒိက် မိုးသောက်လင်းသွားပါက ကဇွာဖတ်ရန်မရှိတော့ပေ။ အကြောင်းကြောင်းကြောင့် ဆွောင်မ်ဥပုသ်မထားဖြစ်သော်လည်း သရာဝီးဟ်ကို မလွတ်ရပေ။

## သရာဝီးဟ်နမာဇ်

ရမသွာန်လဆန်းသည်နှင့် သရာဝီးဟ်နမာဇ်ဖတ်ခြင်းမှာ အမျိုးသားများနှင့် အမျိုးသမီးများအဖို့ စွန္နသေမုအဇ်

ကဒဟ်ဖြစ်သည်။ ထိုနမာဇ်ကို ဂျမာအသ်နှင့်တကွဖတ်ခြင်းမှာ စွန္နသေကိဖာယဟ်ဖြစ်သည်။ ရပ်ကွက်ရှိလူအားလုံးက ဂျမာအသ်နှင့်မဖတ်ဘဲ တစ်ဦးချင်းအိမ်၌သာ ဖတ်ကြလျှင် အားလုံး၌ အပြစ်ရှိပေသည်။

သရာဝီးဟ်ဖတ်ချိန်မှာ အေရှာနမာဇ်အပြီးမှစ၍ ဖဂျရ် အချိန်မတိုင်မီအထိဖြစ်၏။ စလာမ်(၁၀)ကြိမ်ဖြင့် ရကအသ်(၂၀) ဖတ်ခြင်းမှာ စွန္နသ်ဖြစ်၏။ ရပ်၍ဖတ်နိုင်ပါလျက် ထိုင်၍ဖတ် ခြင်းမှာ မက္ကရူဟ်ဖြစ်သည်။ သရာဝီးဟ်တွင် ရမသွာန်တစ် လအတွင်း ကုရ်အာန်တစ်ကြိမ် ကုန်အောင်ဖတ်ခြင်းမှာ စွန္နသ် ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးသည် အေရှာမဖတ်ရသေးလျှင် ဦးစွာ အေရှာဖတ်ပြီး သရာဝီးဟ်တွင်ပါဝင်ရမည်။

ရမသွာန်လ ဝိသစ်ရ်နမာဇ်ကို သရာဝီးဟ်ပြီးမှ ဖတ်ရ၏။ ဝိသစ်ရ် ဂျမာအသ်ဖတ်သည့်အခါ တစ်ဦး တစ်ယောက်ရောက်ရှိလာသော် ဦးစွာဝိသစ်ရ်ကိုဖတ်ပါ။ ပြီးမှ

သရာဝီးဟ်ကိုဖြည့်ပါ။

**သရာဝီးဟ်ဖတ်နည်း**

သာမန်လူများ စူရဟ်ဖီးလ်မှ စူရသွန်နားစ်အထိ ၁၀–ပုဒ်ကို နှစ်ခါ ပြန်ဖတ်ပါ။ ရကာအသ် ၂၀ ဖြစ်သွားပေသည်။ သရာဝီးဟ်ကို ၂–ရကာအသ်စီဖတ်ရ၏။ ဒုတိယရကာအသ်တွင် ကအ်ဒဟ်ထိုင်ရန် မေ့၍ရပ်လိုက်ပါက စဂျ်ဒဟ်ဦးမချမီ သတိရလျှင်ထိုင်လိုက်ပါ။ သို့သော်စဂျ်ဒဟ်ပြီးမှ သတိရလျှင် စတုတ္ထ ရကာအသ်ကိုပါ တွဲလိုက်ပါ။ ပထမ ၂–ရကာအသ်သည် သရာဝီဟ်ဖြစ်ပြီး ဒုတိယ ၂–ရကာအသ်မှာ နဖိလ်ဖြစ်သွားမည်။ အကယ်၍ ဒုတိယ ရကာအသ်ထိုင်ပြီးမှ မတ်တတ်ရပ်မိလျှင် ၄–ရကာအသ်လုံး သရာဝီဟ်ဖြစ်သွားမည်။ စဂျ်ဒဟ်စဟူ လုပ်ရန်မလိုပါ။ ဝိသစ်ရ်၊ တတိယရအသ်၏ ရကူကိုမှီလျှင် ဒုအာကူနူးသ်ကိုလည်း မီလိုက်ပေပြီ။ လွတ်သွားသည့် ၂–ရကာအသ်ကိုဖြည့်သည့်အခါ ကူနူးသ်ဖတ်ရန်မလိုတော့ပါ။

**အော့သိကားဖ်**

ရမသဗ္ဗာန်လမြတ်၏ နောက်ဆုံး ၁၀–ရက်တွင်ထိုင်ရသော အော့သိကားဖ်သည် စွန္နသေကိဖာယဟ်ဖြစ်သည်။ ဗလီရှိသော ရပ်ကွက်တွင် နေထိုင်သူများအနက်မှ တစ်ဦး ထိုင်လိုက်ခြင်းဖြင့် ရပ်ကွက်နေထိုင်သူအားလုံးတို့၏ တာဝန် ကျေသွားမည်ဖြစ်သည်။ သို့မဟုတ်ပါက အော့သိကာဖ်လွတ်ခဲ့သည့် အပြစ်ဒဏ်သည် တစ်ရပ်ကွက်လုံးအပေါ် ကျရောက်မည်ဖြစ်သည်။ အမျိုးသမီးများသည် မိမိတို့၏ နေအိမ်၌ အော့သိကာဖ်ထိုင်ခွင့်ရှိသည်။ အော့သိကာဖ်နီယသ်ကို စိတ်တွင်းမှရည်စူးလျှင် လုံလောက်သည်။ ရမသဗ္ဗာန် ၂၀–ရက်နေ့ နေမဝင်မီအလျင် အော့သိကာဖ်နီယသ်ဖြင့် ဂျမာအသ်ခါနာ အတွင်းသို့ရောက်ရှိနေရမည်။ အရေးပေါ်ကိစ္စမှအပ ဂျမာအသ် ခါနာ၏ အပြင်သို့ထွက်ခွင့်မရှိ။ အကြောင်းမဲ့ထွက်သွားလျှင် အော့သိကာဖ်ပျက်၏။

ကျင်ကြီး၊ ကျင်ငယ်စွန့်ရန်နှင့် ကိုယ်မသန့်၍

ရေချိုးရန် အပြင်သို့ထွက်ခွင့်ရှိသည်။ အိမ်မှဗလီသို့ ထမင်းပို့ပေးမည့် သူမရှိက၊ အိမ်သို့ပြန်၍ ထမင်းယူလာခွင့်ရှိသည်။ လူမမာ သတင်းမေးရန် ဗလီဂျမာအသ်ခါနာ အပြင်သို့ထွက်ခွင့်မရှိ။ သို့သော် မိမိကိုယ်တိုင် နာမကျန်းဖြစ်နေလျှင် ဆေးခန်းသို့ သွားခွင့်ရှိသည်။ အေ့သိကာဖ်ထိုင်သူအဖို့ ဆွောင်မ်ဥပုသ်ထားရန်မှာ စည်းကမ်းချက်ဖြစ်သည်။ အကယ်၍ ဆွောင်မ်ဥပုသ်ပျက်သော် စွန္နသ်အေ့သိကာဖ်လည်း ပျက်ပြယ်သွားမည်။

အေ့သိကာဖ်ဝင်နေစဉ် ဓမ္မတာဖြစ်ပေါ်လာလျှင် အေ့သိကားဖ်သည်လည်း အလိုအလျောက်ပျက်ပယ်သွားမည်။ ဓမ္မတာကြောင့် ဆွောင်မ်ဥပုသ်ပျက်သည်။ ဆွောင်မ်ဥပုသ်ပျက်သဖြင့် အေ့သိကားဖ် လည်းပျက်သွားမည်။ မိမိတို့ ဂျမာအသ်ခါနာတွင် ဂျူမုအဟ် ဖတ်သည့်အစီအစဉ်မရှိပါက ဂျာမေ့ဗလီသို့သွားခွင့်ရှိသည်။

ဂျမာအသ်ခါနာတွင် အော့သိကာဖ်ထိုင်ရာတွင် အရေတွက်နှင့် အသက်ကန့်သတ်ထားခြင်းမရှိ။ ဆန္ဒရှိသူတိုင်းထိုင်ခွင့်ရှိသည်။ (သို့သော် လတ်တလောအခြေအနေအရ တာဝန်ရှိသူများက ကန့်သတ်ထားလျှင် နာခံရမည် ရန်မလုပ်ရပါ)

အော့သိကာဖ်တွင် အပိုစကားပြောခြင်းမှ ရှောင်ရှားရမည်။ တိတ်ဆိတ်စွာနေခြင်းသည်လည်း မလျော်ကန်ပါ။ အိဗာဒသ်များပြုလျက် မောပန်းခြင်းကြောင့် အနားယူသည့်နီယသ်ဖြင့် တိတ်ဆိတ်စွာနေပိုင်ခွင့်ရှိသည်။ သို့သော်တိတ်ဆိတ်စွာငြိမ်သက်ခြင်းသည် အိဗာဒသ်မဟုတ်ဟု ခံယူထားရမည်။ ကိုးထားသော အော့သိကာဖ်သည် ဝါဂျစ်ဗ်ဖြစ်သည်။ အနည်းဆုံး တစ်ရက်အတွက်ထိုင်ရမည်။ နဖိလ်အော့သိကာဖ်ဟု ရည်စူးကာ အချိန်မရွေး အချိန်အကန့်အသတ်မရှိ ထိုင်ခွင့်ရှိသည်။ ဗလီသို့ဝင်တိုင်း အော့သိကာဖ်နီယသ်ပြုသင့်သည်။

**ကဒရ်ည**

ရမသွာန်လ၏ နောက်ဆုံး ၁၀–ရက် 'မ' ညများ

တွင်ရှိကြောင်း အထူးသဖြင့် ၂၇-ရက်နေ့ညကို အများကထင် ကြေးပေးကြသည်။ လိုင်လသွလ်ကဒရ်သည် လပေါင်း တစ်ထောင်ထက်မြတ်သည်။ ကဒရ်ညလက်မဲ့ဖြစ်သူမှာ ကောင်း ချီးမင်္ဂလာအဖြာဖြာမှ လက်မဲ့ဖြစ်ရပေသည်။ ကဒရ်ည အိဗာ ဒသ်ပြုသူ၏ အတိတ်မှ ဂိုနဟ်များပလပ်သွားသည်။

လေးဦးမှအပ အားလုံးကိုချမ်းသာခွင့်ပြုသည်။ (၁) အရက်သေစာ (မူးယစ်သေစာ)သုံးစွဲသူ၊ (၂) မိဘကိုအာခံ ဖီဆန်သူ (၃) ဆွေမျိုးအဆက်ဖြတ်သူ။ (၄) ရန်ညိုးထားသူ။ ကဒရ်ည၌ မိမိတို့အိမ်တွင် တတ်အားသရွေ့ အိဗာဒသ်ပြုနိုင် သည်။ ပင်ပန်းသွားပါက အနားယူနိုင်သည်။

ကဒရ်ညဒုအာ اَللّٰهُمَّ اِنَّكَ عَفُوٌّ كَرِيْمٌ تُحِبُّ الْعَفْوَ فَاعْفُ عَنِّىْ

**ဖိသ်ရဟ်**

မိမိအတွက် လိုအပ်သော ပစ္စည်းများမှအပ မိမိထံရှိ သော အပိုပစ္စည်း၏ တန်ဖိုးသည် ငွေ ၅၂ ၁/၂ တိုလာ၏ တန်ဖိုး နှင့် ညီမျှလျှင် ဖိသ်ရဟ်ထုတ်ရသော နိစာဗ်ရှင်ဖြစ်သွားသည်။

အိမ်ဒ်နေ့အာရုံတက်ချိန်ရောက်သည်နှင့် ဖိသ်ရဟ်ထုတ်ရ၏။ (၂၀၀၅ အောက်တိုဘာလက နေ့စာစ်၏ ငွေကြေးမှာ တစ်သိန်း ရှစ်သောင်းခုနှစ်ထောင်တစ်ရာနှစ်ဆယ့်ငါးကျပ်ဖြစ်သည်။) နှစ်စဉ်အနည်းအများ အတက်အကျရှိသည်။ ဖခင်သည် အရွယ်မရောက်သေးသော သားသမီးများဘက်မှလည်းပေးရမည်။ တစ်ဦးလျှင် ဂျုံတစ်ပိဿာတစ်ဆယ်သား (သို့) ယင်း၏ တန်ဖိုးကို တွက်၍ပေးရ၏။ အရွယ်ရောက်သူ အမျိုးသား၊ အမျိုးသမီးတိုင်းအပေါ် ဖိသ်ရဟ်ထုတ်ရန်တာဝန်ရှိသည်။ ဇကားသ်စားထိုက်သူ သားချင်း အိမ်နီးချင်းကို ဦးစားပေးသင့်သည်။ ဆွောင်မ်ဥပုသ်မထားသူလည်း တာဝန်အရ ဖိသ်ရဟ် ပေးရမည်။

**အီဒ်နေ့၏လုပ်ငန်းများ**

နံနက်စောစောစားခြင်း၊ စွန်ပလွံသီး "မ" အရေတွက် မျှစားခြင်း၊ မိစ်ဝါးက်တံပူတိုက်ခြင်း၊ ရေချိုးခြင်း၊ အမွှေး

အကြိုင်သုံးခြင်း၊ အဝတ်စုံများအနက်မှ အကောင်းစားကိုဆင်ခြင်း၊ ဖိသ်ရဟ်ပေးဆောင်ခြင်း၊ ပျော်ရွှင်မှုကိုဖေါ်ထုတ်ခြင်း၊ စွမ်းဆောင်နိုင်သမျှလှူဒါန်းခြင်း၊ စောစောထ၍ အီးဒ်ဂါဟ်သို့ စောစောသွားခြင်း၊ မိမိရပ်ကွက်ဗလီတွင် ဖဂျ်ရ်နမာဇ်ဖတ်ခြင်း၊ အတတ်နိုင်ဆုံး ခြေလျင်သွားခြင်း၊ အီဒ်ဂါဟ်သို့သွားစဉ် အီဒွလ်ဖိသစ်ရ်၌ သပ်ကဗီရ် တိုးတိုးစွာဆိုသွားခြင်း။ အီဒ်နမာဇ် ဖတ်မည့်နေရာ၌ အီးဒ်နမာဇ်မဖတ်မီ သို့မဟုတ် ဖတ်ပြီး နဖိလ် နမာဇ်မဖတ်။ အီဒ်ပြီးလျင် အိမ်တွင်နဖိလ်ဖတ်ခွင့်ရှိသည်။

## ပျက်မပျက်အချက်များ

နှာခေါင်းအတွင်းဆေးထည့်လျင် ဆွောင်မ်ဥပုသ် ပျက်သွားမည်။ သွားဖုံးများမှ သွေးထွက်ရုံနှင့်မပျက်ပါ။ လည်ချောင်း အတွင်းသို့ ဝင်ရောက်သွားပြီဟု ယုံကြည်ရပါက ဆွောင်မ်ဥပုသ်ပျက်ချေပြီ။ မျက်စိ၌ ဆေးထည့်ခြင်း အနာပေါ် ဆေးထည့်ခြင်းဖြင့် ဆွောင်မ်ဥပုသ်မပျက်ပါ။ ဦးခေါင်း (သို့)

ဗိုက်ပေါ်ရှိ အနာတွင်ဆေးထည့်ပါက ဦးနှောက်(သို့) ဝမ်းဗိုက် အတွင်းသို့ဆေးစိမ့်ဝင်သွားမည်ဆိုပါက ဆွောင်မ်ဥပုသ် ပျက်သွားမည်။ သွားနှုတ်ခြင်းဖြင့် ဆွောင်မ်ဥပုသ်မပျက်ပါ။ သွေးများစွာထွက်လည်း ဆွောင်မ်ဥပုသ်မပျက်ပါ။ အဆိပ် သတ္တဝါကိုက်လိုက်လို့လည်း ဆွောင်မ်ဥပုသ်မပျက်ပါ။ အလို အလျောက်အော့အန်လျှင် ဆွောင်မ်ဥပုသ်မပျက်ပါ။ အလို အလျောက်ပြန်ဝင်သွားလျှင်လည်း မပျက်ပါ။ သို့သော် တမင် မျိုချလိုက်ပါက ဆွောင်မ်ဥပုသ်ပျက်သွားမည်။

လက်ထိုးအန်စေပြီး ပါးစပ်အပြည့်အန်လိုက်ပါက ဆွောင်မ်ဥပုသ်ပျက်သွားမည်။ ပါးစပ်မပြည့်ပါက ဆွောင်မ်ဥပုသ် မပျက်ပါ။ ဂလူကိုစ်သွင်းခြင်း အကြောဆေးသွင်းခြင်းသည် ချင်းချက်ရှိလျှင် ဆွောင်မ်ဥပုသ်မပျက်ပါ။ အားအင်ပြည့်ရန်ဆိုမှု မက္ကရူဟ်ဖြစ်သည်။ ဖွဲ၊ ပြာ၊ သွားတိုက်ဆေးတို့ဖြင့် သွားတိုက် ပါက မက္ကရူဟ်ဖြစ်သည်။ ဆေးအနည်းငယ်ပင် လည်ချောင်း အတွင်းသို့ဝင်သွားပါက ဆွောင်မ်ဥပုသ်ပျက်သည်။ ဒိပ်ပျော်

နေစဉ် ရေချိုးရန်အကြောင်းပေါ်ခြင်း ဦးခေါင်းတွင် ဆီလိမ်းခြင်း စွဲရမှတ်ထည့်ခြင်းတို့ဖြင့် ဆွောင်မ်ဥပုသ်မပျက်ပါ။ မတော်တဆ ယင်ကောင်ဝင်သွားခြင်း မတော်တဆမီးခိုး ဖုံမှုန့်ဝင်သွား ခြင်းဖြင့် ဆွောင်မ်ဥပုသ်မပျက်ပါ။ တမင်ဤသို့ဝင်အောင် ပြုလျှင်ဆွောင်မ်ဥပုသ်ပျက်သည်။ လော်ဘန် ထွန်းထားသည်ကို တမင်ရှူရှိုက်လျှင် ဆွောင်မ်ဥပုသ်ပျက်သည်။ သို့သော် ပန်း၊ ရေမွှေး၊ စသည့်အခိုးရည်မပါသောအရာကို ရှူရှိုက်လျှင် ဆွောင်မ်ဥပုသ်မပျက်။ သစ်စ၊ သံစများကို အစာသို့မဟုတ် ဆေးဝါးအားဖြင့်မသုံးကြ။ သို့သော်လည်း စားမိသော် ဆွောင်မ် ဥပုသ်ပျက်သည်။ ဓဲဟ်ရီချိန်ကုန်သွားသော်လည်း ကျန်သည်ဟု ထင်၍ ဝါထမင်းစားခြင်း နေဝင်သွားသော်လည်း နေ့ကျန် သည်ဟု ထင်မှတ်ကာ ဝါဖြေခြင်းဖြင့် ဆွောင်မ်ဥပုသ်ပျက်သည်။

မေ့လျော့၍စားသောက်မိလျှင် ဆွောင်မ်ဥပုသ်မပျက်။ သို့သော် ဆွောင်မ်ဥပုသ်ရှိနေသည်ကို သတိရှိနေသော် ရေသည် လည်ချောင်းတွင်းသို့ ရောက်သွားပါက ဆွောင်မ်ဥပုသ် ပျက်သွားသည်။ ကလေးကို ဝါး၍ခွန့်ကျွေးလျှင် မက္ကရူဟ်

ဖြစ်သည်။ အရေးကြီးနေပါက အကြောင်းမဟုတ်။ ဟိုင်းဖ်နှင့် နီဖားစ်ကာလရက်များတွင် ဆွောင်မ်ဥပုသ်ထားခြင်းမပိုင်။ ဆွောင်မ်ဥပုသ်ထားနေစဉ် ရာသီပေါ်လာလျှင် ဆွောင်မ်ဥပုသ်မှာ အလိုအလျောက်ပျက်သွားပြီဖြစ်သည်။ မသန့်ရက်များ၌ လွတ်ခဲ့သော နမာဇ်များအတွက် ကဇာတာဝန်မရှိသော်လည်း ဆွောင်မ်ဥပုသ်များအတွက် ကဇာတာဝန်ရှိသည်။ ဒွါရပေါက်တွင် ဆေး(သို့) စိုသောအရာထည့်လျှင် ဆွောင်မ်ဥပုသ်ပျက်သည်။ ဆွောင်မ်ဥပုသ်ကြောင့်ချို့နဲ့မှု ထင်ရှားသူသည် မေ့လျော့ တစုံတရာ စားသောက်နေလျှင် သတိမပေးရ။ စားသောက်စေရမည်။ တံတွေးမထွေးဘဲ မျိုချလိုက်လျှင် ဆွောင်မ်ဥပုသ်မပျက်ပေ။ ကွမ်းတံထွေးထွေး၍ ပလုပ်ကျင်းလိုက်သော်လည်း တံတွေးမှာ အနီရောင်သန်းနေလျှင် အကြောင်းမဟုတ် ဆွောင်မ်ဥပုသ်မပျက်ပေ။ ကွမ်းငုံ၍အိပ်လိုက်ရာ စုဗ်ဟေဆွာဒိက်ရောက်မှ နိုးလာသော် ဆွောင်မ်ဥပုသ်မရချေ။ ဆွောင်မ်ဥပုသ်ပျက်သည်။ အသားစ ကွမ်းသီးစကို သွားကြားထိုးလျက်ပင် အာခေါင်ထဲကျသွားလျှင် ကုလားပဲလုံးထက်ငယ် ပါက

ဆွောင်မ်ဥပုသ်မပျက်ပေ။ အကယ်၍သွားကြားထိုးပြီး ပါးစပ်အပြင်ထုတ်ပြီးမှ တဖန်မျိုချလိုက်လျှင် ပဲလုံးထက်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ဆွောင်မ်ဥပုသ်ပျက်သည်။

ခရီးစဉ်တွင် ဆွောင်မ်ဥပုသ်ထားရန် နီယသ်မထားခဲ့သော်လည်း မွန်းမတည့်မီ ၁-နာရီအလျှင် အိမ်သို့ပြန်ရောက်လာ၏။ သို့မဟုတ် ခရီးတွင် ၁၅-ရက်နေထိုင်ရန် ဆုံးဖြတ်လိုက်၏။ အကယ်၍ နီယသ်မပြုရသေးလျှင် ယခုဆွောင်မ်ဥပုသ်ထားရန် နီယသ်ပြုလိုက်ရမည်။

**မှတ်သားရန်မှာ** အချို့လုပ်ဆောင်မှုကြောင့် ဆွောင်မ်ဥပုသ်ပျက်သည်။ ကဇာသာထားရ၏။ အချို့အပြုအမူကြောင့် ကဇာနှင့်ကဖ်ဖာရဟ်နှစ်ရပ်လုံးတာဝန်ရှိရမည်။ ကဇာမထားနိုင်တော့လျှင် ဖစ်ဒ်ယဟ်ပေးဆောင်ရမည်။ ဆွောင်မ်ဥပုသ် တစ်လုံးအတွက် ထမင်းနှစ်နပ်(သို့) ဖဒ်ယဟ်နှုန်းအတိုင်း ပေးလှူရ၏။ ဖစ်ဒ်ယဟ်ပေးပြီးသော်လည်း ကျန်းမာရေးကောင်း၍ ဆွောင်မ်ဥပုသ်ထားနိုင်လျှင် တဖန်ကဇာထားရမည်။ ယခင်ပေးခဲ့သော

ဖဒ်ယဟ် အကျိုးစဝါးဗ်အနေဖြင့်ရှိမည်။ ကဇာမထားခဲ့ပါက (သို့) ကဖ်ဖာရဟ်မဆောင်ခဲ့ပါက သေခါနီးအချိန် ဆွောင်မ်ဥပုသ်များ အတွက် ဝဆီယသ်မှာတမ်းမှု ပြုရပေမည်။ ဖဒ်ယဟ်ကို မိဘ သားသမီး မြေးတို့ကို ပေးခွင့်မရှိပေ။

:

# احكام زكوة

## ဇကားသ်တာဝန်ဖြစ်သောစည်းကမ်းများ

မွတ်စ်လင်မ်ဖြစ်ခြင်း၊ အသိဉာဏ်ရှိသူဖြစ်ခြင်း၊ အရွယ်ရောက်သူဖြစ်ခြင်း၊ နိစာဗ်မျှပစ္စည်းကို ပိုင်သူဖြစ်ခြင်း၊ အဓိကပစ္စည်းမှအပ ပိုသောပစ္စည်းဖြစ်ခြင်း၊ ကြွေးမြီမှအပ ဖြစ်ခြင်း၊ သတ်မှတ်ထားသည့် နိစာဗ်ပစ္စည်းကို တစ်နှစ်တိတိ ပိုင်ဆိုင်ထားသူဖြစ်ခြင်း။

## ဇကားသ်ဖေးဆောင်ရန်တာဝန်မရှိသူများ

ကာဖိရ်၊ ရူးသွတ်သူ၊ အရွယ်မရောက်သေးသူ၊ နိစာဗ် ထက်လျော့နည်းသူ၊ ကြွေးမြီရှိသူ၊ နိစာဗ်ကိုတစ်နှစ်ကြာမျှ မပိုင်ခဲ့သူ။ အစ္စလာမ်လက်မခံမီ ကာဖိရ်ဘဝတွင် ဇကားသ် ထုတ်ခဲ့လျှင်မပိုင်။ စိတ်မနှံ့ ရူးသွတ်နေသူ ဇကားသ်ထုတ်လျှင် မပိုင်၊ အရွယ်မရောက်သေးသူ ဇကားသ်ထုတ်ရန်တာဝန်မရှိပါ။

## ဇကားသ်ထုတ်ရန်တာဝန်ရှိသည့်ပစ္စည်း(နိစာဗ်)များ

(၁) ရွှေ (ရွှေထည်လက်ဝတ်တန်ဆာပစ္စည်း) ၇နှံ (၇-တိုလာခွဲ) (သို့) ယင်းထက်သာပိုရမည်။ (သို့) ၈၇.၄၇၉ ဂရမ်(သို့) (၅ကျပ်သား ၁၀ပဲခန့်) (၂) ငွေ (ငွေထည်လက်ဝတ် တန်ဆာပစ္စည်း) ၅၂နှံ (၅၂-တိုလာခွဲ) (သို့) ယင်းထက်ပိုရ မည်။ ၆၁၂.၃၅ ဂရမ်(သို့) (၄၀ကျပ်သားကျော်) (၃) ငွေကြေး ပိုက်ဆံ ငွေ ၅၂တိုလာခွဲ၏ လက်ရှိပေါက်ဈေးနှင့်ညီမျှရမည်။ (သို့) ယင်းထက်ပိုရမည်။ (၄) ရောင်းဝယ်ကုန်ပစ္စည်း၏တန် ဖိုးသည် ငွေ ၅၂တိုလာခွဲ၏ လက်ရှိပေါက်ဈေးနှင့်ညီမျှရမည်။

(သို့) ယင်းထက်ပိုရမည်။

**ရွှေတွင်အရောပါနေလျှင် ရွှေများနေပါက**

ရွှေစစ်အလေးချိန် သတ်မှတ်ရမည်။ သို့သော်အရော များနေသောရွှေသည် ငွေနိစာဝ်နှင့်ညီမျှသွားပါက ယင်းရွှေ မှလည်း ဇကားသ်ထုတ်ရမည်။

ရွှေနှင့်ငွေပေါင်းတန်ဖိုးမှာ ငွေနိစာဝ်နှင့်ညီမျှလျှင် (သို့) ရွှေအနည်းငယ်နှင့်ငွေကျပ်အနည်းငယ်ရှိ၏။ ယင်းရွှေ အနည်းငယ်ကို ရောင်းခြင်းဖြင့် ငွေကျပ်နှင့်ပေါင်းလိုက်သော် ငွေနိစာဝ်နှင့် ညီမျှလျှင် ဇကားထုတ်ရမည်။

စက်ရုံ၊ အလုပ်ရုံ၊ အိမ်သုံးကား၊ အငှားယာဉ်၊ အိမ်၊ ဆိုင်၊ အိုး၊ ခွက်၊ ပန်းကန်၊ အိမ်ထောင်ပရိဘောဂ၊ ရေခဲ သေတ္တာ၊ နေ့စဉ်သုံးသည်ဖြစ်စေ မသုံးသည်ဖြစ်စေ စသည်များ အဘယ်မျှပင် တန်ဖိုးရှိသည်ဖြစ်စေ ဇကားသ်မထုတ်ရပါ။

လက်စွပ် လက်ကောက်စသည့် ရွှေထည်များတွင်

ငါးသောင်းတန် ပတ္တမြား နီလာ ကျောက်မျက်ရတနာရှိစေကာ မူ ဇကားသ်မထုတ်ရပါ။ သို့သော်ကြိုက်ဈေးရပါက ရောင်းမည် ဟု နိယသ်ပြုသော် ယင်းကျောက်မျက်ရတနာအတွက်လည်း ဇကားသ်ထုတ်ရမည်။ အလားတူပင် ရောင်းချရန် နိယသ်ထား ရှိသည့်ပစ္စည်းအားလုံးအတွက် ဇကားသ်ထုတ်ရမည်။ ဟဂျ်ပြု ရန် နိစာဗ်ပြည့်ပြီး တစ်နှစ်ပြည့်လျှင် ဇကားသ်ပေးဆောင် ရမည်။

## နှစ်စဉ်တွင် နိစာဗ်ရှိခဲ့၏

(ယင်းရက်စွဲကိုမှတ်ထားပါ။) နှစ်ဆုံးတွင်လည်း နိစာဗ် မျှရှိပြန်သော် ဇကားသ်ပေးရမည်။ နှစ်လယ်၏ လျော့နည်း၊ တိုးလာခြင်းကို တွက်မည်မဟုတ်ပေ။

ညီအစ်ကိုသုံးဦး တအိမ်တည်းနေထိုင်၍ စုပေါင်းစား သောက်ကြသည်။ သို့သော် ကိုယ်စီကိုယ်စီ စီးပွားရှာကြလျှင် သူတို့တစ်ဦးချင်း၏ နိစာဗ်စံနှုန်းပြည့်မှသာ နိစာဗ်ပြည့်သူက ဇကာသ်ထုတ်ရမည်။ သုံးဦးလုံး၏ စီးပွားကို စုပေါင်းရန်မလို

ပါ။ သဘောက နိစာဗ်သည် တစ်ဦးချင်း ပိုင်ဆိုင်မှုနှင့်သာ သက်ဆိုင်သည်။

ညီအစ်ကိုများသည် မိမိတို့တွင် ဝင်ငွေအသီးသီးကို မိခင်ထံအပ်နှံသည်။ မိခင်က မိသားစုအတွင်းသုံးစွဲသည်။ နှစ်ပြည့်သည့်အခါ ကျန်ငွေမှာ တစ်ဦးချင်းအတွက် နိစာဗ်မျှပင် မပြည့်လျှင် ဇကားသ်ထုတ်ရန်မလိုပါ။

## စဘော်လက်ခံထားသူက ဇကားသ်ပေးရန်တာဝန်မရှိ

ငွေရှင်(သဘောက) စဘော်အပ်ထားသူကသာ မိမိအပ်ထားငွေအတွက် နှစ်စဉ်ဇကားသ်ထုတ်ရန်တာဝန်ရှိသည်။ သို့သော် အိမ်ငှားခမြှာ စဘော်အပြင် အပိုအလျှံမရှိ၊ ဤနေရာအပြင် အခြားနေစရာလည်း မရှိလျှင် ထုတ်ရန်တာဝန်မရှိတော့ပေ။ ဇကာသ်စားထိုက်သူပင်ဖြစ်ရချေပြီ။ ငွေချေးသည့်ကိစ္စတွင် ငွေပိုင်ရှင်ကသာ ဇကားသ်ထုတ်ရမည်။ ငွေချေးယူသူက ပေးရန်မလိုပါ။ ငွေချေးယူသူသည် မိမိပိုင်၊ ရွှေ၊ ငွေကြေးအားလုံးကိုပေါင်းကာ အကြွေးနှစ်သိန်းကို နှုတ်ပြီးသော်လည်း

ငွေနိစာ‌ဝ်နှင့် ညီမျှလျှင် ဇကားသ်ပေးဆောင်ရမည်။ နိစာဝ်ရှင်ဖြစ်ပါက ချေးငွေကို အရစ်ကျအနည်းငယ်စီရနေလျှင် ရသမျှငွေမှလွန်ခဲ့သောနှစ်အားလုံးအတွက်ဇကားသ်ထုတ်ရမည်။

မျှော်လင့်ချက်ကင်းမဲ့သွားသော ချေးငွေအတွက် ပြန်မရသရွေ့ ဇကားသ်ပေးဆောင်ရန် တာဝန်မရှိပါ။ တနေ့နေ့ ပြန်လာရသော်လည်း လွန်ခဲ့ပြီးသော နှစ်များအတွက် ဇကားသ်ပေးဆောင်ရန်မလိုပါ။ အိမ်လခကို ခြောက်လတစ်ကြိမ်(သို့) ၁၂-လအတွက် တစ်ကြိမ်တည်း ရရှိငွေသည် တစ်နှစ်မတိုင်မီကုန်သွားရင် ဇကားသ်ပေးရန်မလိုပါ။

*မှတ်ချက်။ ။ ၂၀၀၅ အောက်တိုဘာလ၏ ငွေ ၅၂၁ ၏ ပေါက်ဈေးမှာ တစ်သိန်းရှစ်သောင်းခုနှစ်ထောင်ဖြစ်သည်။ နှစ်စဉ်ယင်းပေါက်ဈေးကို စုံစမ်းနေရမည်။*

**ဇနီးသားသမီးများတစ်ဦးချင်းထံ**

ရွှေ ၂ကျပ်သားစီရှိ၏။ သူတို့၏ပိုင်ဆိုင်မှုတွင် ငွေကြေးများလည်းရှိ၍ ယင်းရွှေနှင့်ငွေ နှစ်မျိုးလုံးကို ပေါင်းလိုက်ပါက

နေပြီး ပေးဆပ်ရန်အကြွေး ယင်းထက်ပိုနေက ဇကားသ်ပေး ရန် မလိုပါ။

**အပြောင်းအလဲ ကုန်ဈေးနှုန်း**

ယခင်က ကုန်ဈေးနှုန်းသည် နိစာဗ်ထက်လျော့နည်း ခဲ့၏။ သို့သော် အချိန်အနည်းငယ်အတွင်း ဈေးနှုန်းကြီးမြင့်လာ၍ နိစာဗ်နှင့်ညီမျှချိန်မှစ၍ ဇကာသ်ဝါဂျိဗ်ဖြစ်ရန် တစ်နှစ်ပြည့်ရန် ရေတွက်ရမည်။

ဇနီးကို မဟာရ်ပေးရန်ကျန်ရှိနေသည်။ မဟာရ်ကို ပေးမည် မဟုတ်ဟု လုံးဝနီယသ်ပြုထားလျှင် မဟာရ်ကိုပါ မိမိ၏ပိုင်ဆိုင်မှုတွင် ထည့်သွင်းလျက် ဇကားသ်ထုတ်လိုက် ရမည်။ သို့သော် မဟာရ်ကိုပေးဆောင်မည်ဟု ဆုံးဖြတ်ချက်ရှိ လျှင် ယင်းကို နှုတ်၍ ပေးဆပ်လိုက်ပါက ၄နေစာဗ်မျှ မကျန် တော့လျှင် ဇကာသ်တာဝန်မရှိပေ။

ဇနီးကမဟာရ်ကို မတောင်းခွင့်လွှတ်မှုလည်းမရှိပါက ယင်းမဟာရ်ငွေ ခင်ပွန်းလက်ဝယ်ရှိနေသော် ဇနီးကဇကားသ်

ငွေ၏နိစာပ်နှင့်ညီမျှသွားလျှင် ဇကားသ်ထုတ်ရမည်။ အချိန်တန်လျှင် ဖိသ်ရဟ်လည်းပေး ကုရ်ဗာနီလည်းလုပ်ရမည်။

ရွှေကိုပေါင်နှံထားသဖြင့် ကာယကံရှင်ထံ ငွေမရှိ၊ အမှုထမ်း တစ်ဦးလစာမှာ အနည်းငယ်စီနုတ်၍ ရုံးတွင် စုဆောင်းခဲ့ရာ လက်ဝယ်မရှိ ယင်းငွေများသည် မိမိပိုင်ဖြစ်သောကြောင့် နိစာပ်ပြည့်သည့် နှစ်မှစ၍ ဇကားသ်ထုတ်ရမည်။

နှစ်စတွင်ရှိသော နေစာပ်မှာ လေးငါးလအတွင်း သုံးစွဲ၍ဖြစ်စေ မိုးမြေကျ ဒုက္ခကြောင့်ဖြစ်စေ လုံးဝကုန်ဆုံးသွား၏။ တဖန်ပြန်၍ နိစာပ်မျှကို ပိုင်လာသော ဤသို့ပိုင်ဆိုင်သည့် အချိန်မှ တစ်နှစ်ကို ပြန်လည်ရေတွက်ရမည်။

ပုဂ္ဂိုလ်တစ်ဦး နိစာပ်ရှင်ဖြစ်သော်လည်း နှစ်လည်တွင် နိစာပ်မျှအကြွေး ပြန်ပိလာ၏။ သို့သော် နှစ်ဆုံးတွင် အကြွေးအားလုံးကို အကျေဆပ်ပြီး နိစာပ်မျှရှိနေသေးလျှင် ဇကာသ်ပေးဆောင်ရမည်။ အ်ကြွေးပေးဆပ်၍ နိစာပ်မှလျော့နည်းသွားသော် ဇကားသ်ဖရပ်ဇ်မဖြစ်ပေ။ နိစာပ်မျှ ပစ္စည်းလက်ဝယ်ရှိ

ထုတ်ရမည်။ ရွှေလက်ဝတ်ရတနာကို ဇနီးက ပိုင်ဆိုင်လာလျှင် ဇနီးကဇကာသ်ထုတ်ရ၏။

ဇနီးထံရွှေသာရှိ၏။ ခင်ပွန်းအားဇကာသ်ထုတ်ရန် ပြောသော် ခင်ပွန်းက ယင်း၏ဇကားသ်ကို ထုတ်လိုက်လျှင် အထမြောက်သည်။ ဤသည်ခင်ပွန်း၏ ဟပ်က်ဖြစ်၍ ဇနီးထံမှ တောင်းခွင့်ရှိသည်။ သို့မဟုတ် အလိုရှိပါက ခွင့်လွှတ်နိုင်သည်။

**ရှူးသွတ်နေသူအဖို့**

တစ်နှစ်ပတ်လုံး ရူးသွတ်နေသူအဖို့ ဇကားသ်တာဝန် မရှိပေ။ ရူးသွတ်နေသူဆိုသော်လည်း တခါတရံ ကောင်းသွား၏။ တခါတရံ ရူးသွား၏။ ဤသို့နှစ်ပြည့်ဖြစ်နေပါက ဇကားသ်ပေး ဆောင်ရန် တာဝန်ရှိပေသည်။

ဇကားသ်ပစ္စည်းရှိသည့်နေရာ၏ ပေါက်ဈေးအတိုင်း တွက်၍ထုတ်ရမည်။ နီစာဗ်ရှင်နေထိုင်သည့် အရပ်၏ ဈေးနှုန်း ကို မတွက်ရပေ။ နှစ်ပြည့်သည့် အချိန်ကာလ၏ ဈေးနှုန်းအတိုင်း

ပေးဆောင်ရမည်။ ကုန်ချော ကုန်ကြမ်းနှင့် မပျက်ဆီးဘဲ ကျန်ရှိနေသော ထည့်သိမ်းစရာ ပုလင်း စံခွက် စသည်များ မှလည်း ဇကားသ်ပေးဆောင်ရမည်။ ဇကားသ်ထုတ်ရန် ဖယ်ရှားသည့်အခါ ဇကားသ်နီယသ်ပြုလျှင် ဖူလုံသည်။ ဇကားသ် ပေးကမ်းသည့်အခါ ထပ်မံနီယသ်ပြုလုပ်ရန်မလိုပါ။ သို့သော် ဇကားသ်ပေးကမ်းသည့်အခါ အကြွေးနီယသ်ပြုပါက ဇကားသ် အထမမြောက်တော့ပေ။ *(ဖသဝါဟင်န်ဒီယဟ်)*

အကယ်၍ အကြွေးနီယသ်ဖြင့် ဇကားသ်ငွေပေးခဲ့သော် အကြွေးသာဖြစ်မည်။ ယင်းကအကြွေးပြန်ဆပ်လာသော် ထိုက်တန်သူကို ဇကားသ်နီယသ်ဖြင့် ပြန်ပေးရပေမည်။ မည်သူမည်ဝါ အကြွေးရရန်ရှိရာ အသင်သွားယူချေဟု မရှိဆင်းရဲသားအား ပြောလျက် ထိုသူပေးဆပ်သမျှသည် အသင့်အဖို့ ဇကားသ်အဖြစ် သိမ်းပိုက်ရမည်ဟုလည်း ပြောလိုက်ရမည်။

အကြွေးကို ခွင့်လွှတ်ရုံနဲ့ ဇကားသ်ပေးဆပ်ရာ မရောက်ပေ။ သို့သော်ထိုဆင်းရဲသူအား ဇကားသ်ငွေအဖြစ်

ထပ်မံပေးဆပ်၍ အကြွေးရရန်ရှိသည်ကို ပြန်တောင်းယူနိုင်သည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့မှ ရရှိငွေအပေါ်**

လယ်ယာထွက်သစ်သီးဝလံနှင့် ကျွဲ၊ နွား၊ သိုးဆိတ်များ ပိုင်ဆိုင်ရာတွင်လည်း ဇကားသ်ပေးဆောင်ရ၏။ ရေသွင်း ရေလောင်းရသော သစ်သီးဝလံရရှိသူက နှစ်ဆယ်ပုံတစ်ပုံပေးရပြီး ရေသွင်းရေလောင်းခြင်းမပြုဘဲ အလေ့ကျသောသစ်သီးဝလံရရှိသူတို့က (အိုရှ်ရ်) ဆယ်ပုံတစ်ပုံထုတ်ရသည်။ နှစ်စဉ် သုံးကြိမ်သီးလျင် ရိတ်သိမ်းဆွတ်ခူးတိုင် (အိုရှ်ရ်) ထုတ်ရ၏။ သီးနှံအစား ယင်း၏တန်ဖိုးဖြင့်လည်း ပေးခွင့်ရှိသည်။ ငှားရမ်းထားမှု ငှားယူစိုက်ပျိုးသူသာ အိုရှ်ရ် ပေးဆောင်ရ၏။ မြေရှင်က မပေးရပါ။ ကိုယ့်အိမ်ဝင်းအတွင်း သစ်ပင် ပျိုးပင်စိုက်၍ ဆွတ်ခူးရရှိသမျှအပေါ် အိုရှ်ရ်မထိုက်ပေ။

## ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့၏ ဇကားသ်

ကျွဲ၊ နွား၊ ကောင်ရေ ၃၀–ပြည့်လျှင် နှစ်ပြည့်တိုင်း တစ်ကောင်၊ ကောင်ရေ ၄၀–ရှိလျှင် ၂နှစ်သား ၁–ကောင် ကောင်ရေ ၆၀–ရှိလျှင် ၁နှစ်သား ၂–ကောင် ကောင်ရေ ၆၀–ထက်များလျှင် အကောင် ၃၀–တိုးလာတိုင်း ၁နှစ်သား ၁–ကောင် ၄၀–တိုးလာတိုင်း ၂နှစ်သား ၁–ကောင် (၃၀ထက် နည်းနေသော် တာဝန်မရှိပါ။)

ကောင်ရေ ၈၀–ဖြစ်လျှင် ၂နှစ်သား ၂–ကောင် ကောင်ရေ ၉၀–တွင် ၃နှစ်သား ၃–ကောင် ၁၀၀ဖြစ်နေလျှင် ၁နှစ်သား ၂–ကောင် ၂နှစ်သား ၁–ကောင်

သိုး ဆိတ် ၄၀ပြည့်လျှင် ၁–ကောင် ၁၂၁ကောင်ရှိ လျှင် ၂–ကောင် ၂၀၁ကောင်ရှိလျှင် ၃–ကောင် ၄၀၀တွင် ၄–ကောင် ၄၀၀ အထက်ဆိုမူ ကောင်ရေ ၁၀၀တိုင်းအတွက် တစ်ကောင်ကျ ဇကားသ်ထုတ်ရမည်။ (၄၀ ထက်နည်းနေသော် တာဝန်မရှိပါ။)

အကယ်၍ ဆိတ်များသည် ရောင်းဝယ်ကုန်ဖြစ်သွားပါက စီးပွားဖြစ်ရောင်းဝယ်ကုန်ပစ္စည်းတွင် ထည့်သွင်း၍ ဇကားသ်ထုတ်ရမည်။

**ဇကားသ်ပေးပိုင်/ မပေးပိုင်သူများ**

"*ဇကားသ်ပေးခြင်းမပိုင်သူများမှာ*" မိဘနှစ်ဘက်လုံးမှ ဘိုးဘွားများ သားသမီး၊ မြေး၊ မြစ်များ၊ ဇနီးမောင်နှံ အချင်းချင်း ပေးခြင်းမပိုင် ဆိုင်ယဒ်မျိုးနွယ်သို့ပေးခြင်းမပိုင်။

"*ဇကားသ်ပေးခွင် ရှိသူများ*" ညီအစ်ကို၊ အစ်မ ညီမ၊ ဖူဖီ၊ ကျာကျာ၊ မာမူ၊ ခါလာ၊ တူ၊ တူမများ၊ မိထွေး၊ ပထွေး၊ သွလားက်ကျသွားသောဇနီး (အစ်ဒ်ဒသ်ထိုင်ပြီးလျှင်) ပေးခွင့်ရှိသည်။

အချို့က အသင်းကိုပေးလိုက်ကြ၏။ အသင်းက ကပဏ်ရိစ္စတန် မြေဝယ်ခြင်း၊ ဆေးရုံဆောက်ခြင်းတွင် သုံးစွဲသည်မှာမပိုင်ပါ။ ဇကာသ်ယူထိုက်သူ ဆင်းရဲသားအား

ဇကားသ်အပြီးအပိုင်ပေးမှ ဇကားသ်အထမြောက်သည်။ ဗလီတွင် ဇကားသ်ငွေ သုံးလျှင်မပိုင်ပါ။

တောင်းရမ်းသူများထံ နိစာပ်မျှပစ္စည်းရှိတတ်သည်။ ထိုသူတို့ကို ဇကားသ်မစားထိုက်ဟု ယုံကြည်ရလျှင် ဇကာသ်၊ ဖိသ်ရဟ်များ ပေးခြင်းမပိုင်။ (ဤတွင်တစ်နှစ်စောင့်ရန်မလို)

ဇကားသ်ပေးဆောင်စဉ် ဤသူသည်ဇကာသ်ယူထိုက်သူဖြစ်သည်ဟု အပြည့်အဝထင်မြင်ယူဆ၍ ပေးလိုက်၏။ သို့သော် ထိုသူမှာ ဆင်းရဲသားယောင်ဆောင်သူဟု သိရလျှင် ဇကားသ်အထမြောက်သွားပေပြီ။

အိမာမ်၊ မော်ဇင်န်၊ ယာ[illegible]ဿးမ်၊ မုဆိုးမ၊ ဖြစ်ရုံနှင့် ဇကားသ်မစားထိုက်ပါ။ ဇကာ[illegible]းသ်စားထိုက်သူဖြစ်မှ ပေးပိုင်သည်။ ဝန်ထမ်းကို ဇ[illegible]ုဝခအဖြစ် ဇကားသ်ပေးခြင်းလည်း မပိုင်ပေ။ ဇကား[illegible]သ်ငွေဖြင့် ဆေးဝယ်ပေးနိုင်သည်။ ဆေးရုံဝန်ထမ်းနှင့်[illegible]ဆေးရုံအဆောက်အဦးတွင် သုံးပိုင်ခွင့်မရှိပေ။ မိုင်[illegible]ယသ်[illegible]၏ ကဖန်နှင့် မိုင်ယသ်၏ အကြွေးကိုလည်း ဇကားသ်

ဖြင့် ပေးဆပ်ပိုင်ခွင့်မရှိ။

ဂိုင်ရ်မွစ်လင်မ်ကိုလည်း ဇကားသ်ပေးပိုင်ခွင့်မရှိ။

ကျောင်းသားသည် ဇကားသ်ယူထိုက်လျှင် ဇကားသ်ပေးပိုင်သည်။ ကိုယ့်နေရပ်တွင် နိစာဗ်မျှ ပိုင်ဆိုင်သော်ငြားလည်း ကျောင်းတက်နေသဖြင့် ငွေမရှာနိုင်သုံးစွဲစရာလည်းမရှိပါက ယင်းကျောင်းသားကိုလည်း ဇကားသ်ပေးပိုင်သည်။ စားထိုက်သော ကျောင်းသားကိုပေးခြင်းမှာ ပို၍မြတ်သည်။

ဇနီးသည် အမျိုးသမီးထံ နိစာဗ်မျှပစ္စည်းမရှိ ခင်ပွန်းကလည်း မဟာရ်မပေးရန် အသင့်မရှိပါက ယင်းအမျိုးသမီးအား အခြားသူများက ဇကားသ်ပေးခွင့်ရှိသည်။

အိမ်ရှင်ရှိစေကာမူ မိသားစု၏ စားဝတ်နေရေး မဖူလုံလျှင် ဇကားသ်ပေးပိုင်သည်။ ဇကားသ်စားထိုက်သူကို အိမ်ငှားခွင့်ပြုကာ ထိုသူ့ထံမှ အိမ်လခကို ဇကားသ်အဖြစ် သတ်မှတ်ခြင်းမပိုင်ပေ။ ပြုပိုင်နည်းမှာ သူ့ထံမှ အိမ်လခကိုယူပါ။

တဖန်ဇကားသ်အဖြစ် ယင်းငွေကို သူ့အားပြန်ပေးလိုက်ပါ။

ဇကားသ်စားထိုက်သူများရှိသည့် အိမ်ထောင်စုဝင် တစ်ဦးချင်းကို နိစာဗ်မပြည့်သည့်ခန့်လည်း ပေးခွင့်ရှိသည်။ အိမ်ထောင်ဦးစီးတစ်ဦးကိုသာပေးလိုပါက သူ၏အိမ်ထောင်စု တစ်ရက်လိုအပ်ချက်ကို ဖြည့်စည်းနိုင်သည့်ခန့်ပေးသင့်သည်။ ဒီးနိရေးရာ ကျမ်းစာပေကို ဇကားသ်စားထိုက်သူ ကျောင်းသား များအား အဖိုးအခမယူဘဲ ပေးလိုက်ခြင်းပိုင်သည်။

အသိဉာဏ်မရှိသေး၊ ငယ်ရွယ်သော ကလေးများ လက်ထဲမပေးရ။ သူတို့၏အုပ်ထိန်းသူ ဖခင်ကိုသာပေးရ၏။

ဖခင်က နိစာဗ်ရှင်ဖြစ်လျှင် သူ၏အရွယ်မရောက် သေးသော သားသမီးများအား ဇကားသ်ပေးပိုင်ခွင့်မရှိပေ။ သို့သော်အရွယ်ရောက်သော သားသမီးများ ဇကားသ်စား ထိုက်သူဖြစ်ပါက ပေးပိုင်ခွင့်ရှိသည်။

မိမိကိုယ်စား တစ်ဦးအားကျူပ်ရဲ့ ဇကားသ်ထုတ် လိုက်ပါဟု ပြောလိုက်၏။ ကိုယ်စားလှယ်ထံ ဇကားသ်ငွေ

မရောက်သေးသော်လည်း ကိုယ်စားလှယ်က မိမိဘက်မှ ဇကားသ်ထုတ်လျှင်ပိုင်သည်။ ဤငွေသည်နိစာဝ်ရှင်က ကိုယ်စားလှယ်အား ဆပ်ရမည့်အကြွေးဖြစ်သွားမည်။

နိစာဝ်ရှင်က ဘာမှမပြောဘဲ ကိုယ်စားလှယ်က မိမိအသိဖြင့် နိစာဝ်ရှင်ဘက်မှ ခွင့်ပြုချက်မရဘဲ ဇကာသ်ထုတ်ခြင်း မပိုင်ပေ။

## (၆၇)

# ဇကားသ်ထုတ်ရမည့် နှုန်းထားမှာ

မိမိပိုင်ဆိုင်မှု၏ ၄၀–ပုံ ၁–ပုံသာပေးရ၏။ ဥပမာ ၂၀၀၅ခုနှစ်၏ နိစာဗ်မှာ ၁၈၇၀၀၀ ဖြစ်ရာ ၄၆၇၅ ကျပ် ဇကားသ် ထုတ်ရ၏။

| | |
|---|---|
| ၁–ရာမှာ | (၂ကျပ် ပြား၅၀) |
| ၁–ထောင်မှာ | ၂၅ |
| ၁–သောင်းမှာ | ၂၅၀ |
| ၁–သိန်းမှာ | ၂၅၀၀ |
| ၁၀–သိန်းမှာ | ၂၅၀၀၀ |
| ၁၀၀–သိန်းမှာ | ၂၅၀၀၀၀ |

# احكام الحج

# ဟဂ်ျ၏ပညတ်တော်များ

ဟဂ်ျသည် အစ္စလာမ့်မဏ္ဍိုင်ကြီးငါးခုအနက်မှ တစ်ခု ဖြစ်သည်။ အရွယ်ရောက်ပြီး သတိကောင်းသည့်မွတ်စ်လင်မ် မက္ကာဟ်သို့အသွား အပြန်အသုံးစရိတ် မိသားစုစရိတ် တတ်နိုင်မည်။ လမ်းပမ်းလုံခြုံမည်။ ကျန်းမာရေးလည်း ကောင်းမည်ဆိုလျှင် တစ်သက်တာတွင် ဟဂ်ျတစ်ကြိမ်ဆောက် တည်ရန် ဖရပ်ဇ်တာဝန်ဖြစ်သည်။

ဇိလ်ဟဂ်ျလ ၈-ရက်နေ့မှ ၁၃-ရက်နေ့အထိသည် ဟဂ်ျကာလဖြစ်ပြီး ကျန်ရက်များသည် အွမ်ရဟ်ကာလ ဖြစ်သည်။

**အွမ်ရဟ်၏ဖရပ်ဇ်**

(၁) အဲဟ်ရာမ်ဝတ်ခြင်း၊ (၂) သဝါဖ်လှည့်ခြင်း။

**အမွှရဟ်၏ဝါဂျိဗ်**

(၁) စအီပြုခြင်း၊ (၂) ဆံတိ/ကတုံးတုံးခြင်း။

**ဟဂ်ျ၏ဖရပ်ဇ်**

(၁) အဲဟ်ရာမ်ဝတ်ခြင်း။ (၂) အရဖာသ်၌ဆိုင်းငံ့ခြင်း၊ (၃) သဝါဖိ ဇိယာရသ်ပြုခြင်း။

**ဟဂ်ျ၏ဝါဂျိဗ်**

(၁) မုဇ်ဒလေဖဟ်တွင် ဆိုင်းငံ့ခြင်း၊ (၂) ရမီခဲပေါက်ခြင်း၊ (၃) ကုရ်ဗာနီပြုခြင်း၊ (၄) ဆံတိ/ကတုံးတုံးခြင်း၊ (၅) စအီပြုခြင်း၊ (၆) သဝါဖိ ဝိဒါလုည့်ခြင်း။

**ဟဂ်ျပြုနည်း (၃)မျိုးရှိသည်**

(၁) အိဖ်ရာဒ် (ဟဂ်ျတစ်မျိုးတည်းပြုခြင်း) (၂) ကိရာန် (အမွှရဟ်နှင့် ဟဂ်ျကိုအဲဟ်ရာမ်တစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်း) (၃) သမသ်သုအ် (အမွှရဟ်နှင့်ဟဂ်ျကို သီး

ခြား အဲဟ်ရာမ်ဆောင်ရွက်ခြင်း)

**အွမ္မရဟ်ဆောက်တည်နည်း**

(သမသ်သုအ်ဟဂျ်ပြုမည့်သူအတွက်)

(၁) ဆပ်ပြာတိုက်ပြီး ရေဝအောင်ချိုးပါ။ (၂) သမသ်သုအ်ဟဂျ်အတွက် အဲဟ်ရာမ်ဝတ်ပါ။ (၃) အွမ်ရဟ်နီယသ်ပြုပါ။ နှစ်ရကအသ်နမာဇ်ဖတ်ပါ။ (၄) ဦးထုတ်ချွတ်ပါ။ သလ်ဗီယသ်သုံးကြိမ်ဆိုပါ။ ဒရူးဒ်ပို့ ဒုအာတောင်းပါ။ (၅) ကအ်ဗဟ်ကိုမြင်သည်နှင့် ဒုအာပြည့်ပြည့်စုံစုံတောင်းပါ။ (၆) ရမလ်၊ အိဇ်ဘိဗာနှင့်တကွ သဝါဖ်လှည့်ပါ။ (ကအ်ဗဟ် ခုနှစ်ပတ်ပတ်ပြီးမှ သဝါဖ်တစ်ကြိမ်ဟု ခေါ်သည်။) (၇) မကာမေအိဗ်ရာဟီးမ်၌ နမာဇ်ဖတ်ပါ။ (၈) ဇမ်ဇမ်ရေ အဝသောက်ပါ။ စအီလုပ်ပါ။ (စွဖာနှင့်မရ်ဝဟ်ကြားလျှောက်ခြင်းကို စအီဟုခေါ်သည်။) (၈) မတ်စ်ဂျိဒေဟရာမ်သို့ဝင်၍ နမာဇ်နှစ်ရကအသ်ဖတ်ပါ။ (၉) ဗလီအပြင်ထွက်၍ ဟလပ်က် ဆံချပါ။ အဲဟ်ရာမ်ချွတ်ပါ။

**ဟာဂျ်ဆောက်တည်နည်း**

(၁) ဇူဟ်ဟဂျ်လ ၈–ရက် အဲဟ်ရာမ်ဖြင့် ရမီနာသို့ သွားရန် (၂) ဇူဟ်ဟဂျ်လ၉–ရက် နေထွက်ပြီးမှ အရဖာသ် သို့ထွက်ပြီး နေဝင်ချိန်အထိ အရဖဟ်မှာ တည်းခိုပါ။ နေဝင် လျှင် မဂ်ရိဗ်မဖတ်ဘဲ မွဇ်ဒလေဖဟ် သို့သွားပါ။ အေရှာအ် အချိန် မွဇ်ဒလေဖဟ်မှာ မဂ်ရိဗ်နှင့် အေရှာအ် တဆက် တည်းဖတ်ပါ။ (၃) ဇူဟ်ဂျ်လ ၁၀–ရက် ဖဂျရ်နေမထွက်မီ မိနာသို့သွားပြီး ရှိုင်သွာန်ကြီးကိုသာ ခဲပေါက်ပါ။ ကုရ်ဗာနီ လုပ်ပါ။ ခေါင်းတုံးပါ။ အဲဟ်ရာမ်ချွတ်ပါ။ ဝတ်နေကျ အဝတ်အစားဖြင့် သဝါဖိဇယာရသ်လှည့်ပါ။ စအီလုပ်ပါ။ မိနာ သို့ ပြန်၍ညအိပ်ပါ။ (၄) ဇူလ်ဟဂျ်လ ၁၁၊ ၁၂–ရက် တို့၌ ရှိုင်သွာန်သုံးကောင်စလုံးကို အစဉ်လိုက်ခဲပေါက်ပြီး မက္ကဟ် သို့ပြန်လာပါ။ မက္ကဟ်မှ ထွက်ခွာမည့်နေ့ သဝါဖိဝိဒါလှည့်ပါ။

**ကုရ်ဗာနီပညတ်ချက်**

(၁) ငွေသား ၅၂တိုလာခွဲ၊ ရင်း၏ တန်ဖိုးနှင့် ညီ

ဖိုးကို ပိုင်ဆိုင်လျှင် ကုရ်ဗာနီပြုရန် ဝါဂျစ်ဗ်ဖြစ်သည်။ (၈) ကျွဲ၊ နွား၊ ကုလားအုပ်တစ်ကောင်စီတွင် ဝေစု ၇-စုပြု၍ ကုရ်ဗာနီလုပ်ပိုင်သည်။ သားကောင်မဝယ်မီ ဝေစု ၇-စုကို သတ်မှတ်ပြီးဖြစ်ရမည်။ (၇)ဦးလုံးက ကုရ်ဗာနီအိဗာဒသ်တာဝန်ကျေပွန်သည့် နီယသ်ရရှိမည်။ (၇)ဦးအနက် နဖ်ရ်အကီကဟ် နီယသ်ဖြင့်လည်း ဝေစုပါဝင်ခွင့်ရှိသည်။ နဖ်ရ်ကိုးထားသော သားကောင်(သို့) အစုစပ်ကို သူဆင်းရဲအားပေးလိုက်ရမည်။ ဤသို့ပင် ဝစ္စိယသ် (သေတမ်းစာ)ကြောင့် ကုရ်ဗာနီပြုရလျှင်လည်း ယင်းဝေစုကို လှူဒါန်းပေးကမ်းလိုက်ရမည်။ (၉) ကုရ်ဗာနီသားကောင်ကို ဇဗဟ်ပြုရန်အရေးကြီးသည်။ သားကောင်၏ တန်ဖိုးကို လှူဒါန်းရုံနှင့် ကုရ်ဗာနီအထမမြောက်။ (၁၀) ဝေစုခွဲရာတွင် ညီတူညီမျှဖြစ်ရန် အရေးကြီးသည်။ မှန်းဆ၍ ခွဲဝေနည်းကို မကျင့်သုံးအပ်။ (၁၁) ဆိတ်ဆိုလျှင် တစ်နှစ်သားထက်မငယ်စေရ။ နွားနှင့်ကျွဲဆိုမူ နှစ်နှစ်သားထက်မငယ်စေရ။ (၁၂) ကုရ်ဗာနီသား

မှူသော ငွေစက္ကူ(သို့)ငွေတန်ဖိုးနှင့်ညီသော (အသုံးအဆောင်ထက်) ပိုလျှံပစ္စည်းရှိလျှင် (နှစ်ပြည့်ရန်မလို) ဖိတ်ရာနီပြုရန်တာဝန်ရှိသည်။ (၂) ခရီးသည်အပေါ် ဖိတ်ရာနီ ဝါဂျစ်ဗ်မဟုတ်။ (၃) ဖစ်သ်ရဟ်ကဲ့သို့ အရွယ်မရောက်သေးသောသားသမီးကလေးများဘက်မှ ဖိတ်ရာနီပေးရန် တာဝန်မရှိ။ (၄) ဇနီးဘက်မှလည်း ဖိတ်ရာနီပေးရန် တာဝန်မရှိပေ။ သူမ၏ ခွင့်ပြုစေခိုင်းချက်ဖြင့်ဆိုလျှင် သူမလည်း ဖိတ်ရာနီပြုလျှင် အထမြောက်သွားမည်။ (၅) ဖိတ်ရာနီပြုခြင်းသည်ကြီးမားသောအမလ်ဖြစ်၍ ဖိတ်ရာနီတာဝန်မရှိလျှင်လည်းပြုလုပ်က ကြီးမားသော အကျိုးစဝါးဗ်ကိုရရှိမည်။ ဖိတ်ရာနီ၏နီယသ်ဖြင့် သားကောင်ဝယ်သည်နှင့် ဖိတ်ရာနီပြုရန်မှာ ဝါဂျစ်ဗ်ဖြစ်သွားမည်။ (၆) ဇိလ်ဟဂ်ျ ၁၀-ရက်မှ ၁၂-ရက်နေ့ ညနေအထိ ဖိတ်ရာနီပြုလုပ်ရန် ကာလဖြစ်သည်။ ဖိတ်ရာနီအတွက်အမြတ်ဆုံးနေ့မှာ ၁၀-ရက်နေ့၊ ထို့နောက် ၁၁-ရက်နေ့၊ ထို့နောက် ၁၂-ရက်နေ့ဖြစ်သည်။ (၇) ခရီးသည်သည် (၁၂)ရက်နေ့ နေမဝင်မီ ပြန်ရောက်လျှင်၊ ဖိတ်ရာနီ နိစာဗ်ပစ္စည်းတန်

ကောင်၏ သားရေကို ကိုယ်တိုင်သုံးစွဲလိုပါက သုံးခွင့်ရှိသည်။ သားရေကိုဖြစ်စေ၊ ယင်း၏တန်ဖိုးကိုဖြစ်စေ၊ ဇကားသ်စားထိုက် သူအား လှူဒါန်းလိုက်ရမည်။ ဗလီကျောင်း စသည့် အခြား ကောင်းမှုတွင် သုံးစွဲခွင့်မပိုင်။ (၁၃) မိမိသဘောဆန္ဒဖြင့် သေ သူတစ်ဦးဦးဘက်မှ ကုရ်ဗာနီပြုလျှင် ယင်း၏ကုရ်ဗာနီအသား ကို ကိုယ်တိုင်လည်း စားသုံးနိုင်သည်။ (၁၄) ကုရ်ဗာနီသား ကောင်၏အသားကို ကိုယ်တိုင်လည်းစားခွင့်ရှိသည်။ သား ချင်းသူဌေးများအားလည်း ပေးနိုင်သည်။ အကောင်းဆုံးမှာ အနည်းဆုံး သုံးပုံတစ်ပုံကို ပေးလှူခြင်းဖြစ်သည်။ (၁၅) ဝယ် ပြီး ကုရ်ဗာနီ သားကောင်ပျောက်ဆုံးသွားသဖြင့် နောက်ထပ် တစ်ကောင်ဝယ်ယူ၏။ ထို့နောက်ပျောက်ဆုံးသွားသော သား ကောင်ပြန်ရရှိ၏။ အကယ်၍ ချမ်းသာသူဆိုပါက ကြိုက်ရာ တစ်ကောင်ကို ကုရ်ဗာနီပြုရန် တာဝန်ရှိသည်။ ဆင်းရဲသား ဆိုလျှင် နှစ်ကောင်လုံးကို ကုရ်ဗာနီပြုရန် ဝါဂျိဗ်ဖြစ်သွား ပေမည်။ (၁၆) ကုရ်ဗာနီတာဝန်ရှိသူသည် ကုရ်ဗာနီပြုခွင့်

ရှိသော သုံးရက်တာအတွင်း ကုရဲဟာနီမပြုခဲ့သော် ထိုသူသည် ဆိတ်တစ်ကောင်၏ တန်ဖိုးကိုလှူဒါန်းရမည်။ (၁၇) သားကောင်၏ သွားအများစုကျိုးနေလျှင်၊ ခြေကျိုးနေလျှင်၊ မျက်စေ့ကန်းနေလျှင်၊ ဦးချိုပြတ်နေလျှင်၊ နှိုအုံပြတ်နေလျှင် အထီး၊ အမ မခွဲနိုင်လျှင် နားရွက်၊ အမြီး၊ သုံးပုံတစ်ပုံထက် ပိုပြတ်နေလျှင် ကုရဲဟာနီပြုပိုင်ခွင့်မရှိ။ သို့သော်နားရွက်သည် မွေးရာပါ အသေးလေးသာရှိ၏။ မွေးကတည်းက ဦးချိုမပါ။ ပါသော်လည်း အနည်းငယ်ပဲ့သွား၏။ သို့ဆိုမူ ကုရဲဟာနီပြုခြင်းပိုင်သည်။ (၁၈) သားကောင်ဝယ်လာပြီးမှ ကုရဲဟာနီအထမမြောက်သော် ချို့ယွင်းချက် တစ်စုံတစ်ရာပေါ်ခဲ့သော် ယင်းအစားအခြားသားကောင်ဝယ်၍ ကုရဲဟာနီပြုလုပ်ရမည်။ သို့သော် ဇဗဟ်ပြုသောကြောင့် တစ်စုံတစ်ရာ ချို့ယွင်းချက်ပေါ်လာက အကြောင်းမဟုတ်။ (၁၉) ကုရဲဟာနီသားကောင်သည် ထွားကျိုင်းသင့်သည်။ ကိယာမှသ်တွင် ထိုသားကောင်သာ ကိုယ့်အစီးအနင်းဖြစ်မည်။ ချို့တဲ့ချိနဲ့သော အစီးအနင်းသည် ဤလောကဩပင် လိုရာကို အရောက်မပို့နိုင်သကဲ့သို့ သားကောင်

ကလည်း ဂျန္နသ်ပန်းတိုင်သို့ အရောက်ပို့ရာ၌ ခက်ခဲနိုင်သည်။ (၂၀) ကိုယ့်လက်ဖြင့် ဖဗဟ်ပြုခြင်းသည် မွတ်စ်သဟာဗ်ဖြစ်သည်။ သို့မဟုတ်အနီး၌ အသင့်ရှိနေရမည်။ ကြီးကျယ်သော ပုဂ္ဂိုလ်ထံ လက်ဆောင်ဆက်သလိုလျှင် ကိုယ်တိုင် ဆက်သရမည်။ ငွေအနည်းငယ်ထုတ်၍ တစ်ဦးတစ်ယောက်နှင့် ပို့ရုံးထုံးစံမရှိကြ။ ကုရ်ဘာနီ၏ သွေးနှင့်အသားသည် အရှင်မြတ်အတွက် လက်ဆောင်မဟုတ်။ ကိုယ်တိုင်ဖွဲ့ စိတ်အားမန်တို့ကို အပ်နှံသော စွန့်စားမှုဖြစ်သည်။ ခလီလွလ္လာဟ်ကြီး၏ စိတ်ဝယ် သိုမှီးဆောင်ထားသော ဝိညာဉ်ဗီဇဖြင့် ကုရ်ဗာနီပြုပါမှ အရှင်မြတ်ထံတော်တွင် စစ်မှန်သောစွန့်လှူမှုဖြစ်သည်။

**ကုရ်ဗာနီကြောင့် ဖြန်းတီးရာမရောက်ခြင်း**

မက္ကာဟ်နှင့် မေနာတို့တွင် နှစ်စဉ်သားကောင်များစွာ ဖဗဟ်ပြုကြကာ စအူဒီမှ စားသုံးခြင်း၊ တင်ပို့ခြင်းများရှိသကဲ့သို့ မြေမြှုပ်သည်လည်းရှိ၏။ ကုရ်ဗာနီ၏ ရည်ရွယ်ချက်မှာ တမန်တော် အစ်ဗ်ရာဟီးမ်(عليه السلام)၏ စွန္နသ်ကို

လိုက်နာကျင့်သုံးပြသခြင်းဖြစ်သည်။ အမှန်ဆိုလျှင် သားကို ဖဟော်ပြုရမည်။ သို့သော်လူတိုင်းတွင် သားမရှိပါ။ သားအရင်း ကိုသာ ဖဟော်ပြုရမည်ဆိုလျှင်လည်း လူအများစုမှာ ကျင့်သုံး နိုင်မည်မဟုတ်။ ကိုယ်နှစ်သက်သောအရာကို စွန့်ခြင်းဖြင့် ဖဟော်ပြုရုံနှင့် ရည်ရွယ်ချက် ပြည့်မြောက်သွားပေပြီ။ စားရ ခြင်း၊ ဝေငှခြင်းစသည်များကား အဓိက ကဏ္ဍတွင်မပါဝင်ချေ။



